မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၁၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာယာနော့စ် အာဒါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❊

မြန်မာ-ဗြိတိန် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာစေရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Patrick ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ဦးလွင်၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန်နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များတွင် ဗြိတိန်နိုင်ငံအနေဖြင့် ပါဝင်ကူညီဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီး ပင်လယ်ထွက်ကုန်စီးဆင်းမှု ပိုမိုမြန်ဆန်ပြီး ဒေသဖွံ့ဖြိုးလာတော့မည်ဖြစ်

ဘိုကလေးမြစ်ကူးတံတား သံပေါင်တပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ
သူဇာနွယ်(ဖျာပုံ)

ဖျာပုံ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ဘိုကလေးမြစ်ကိုဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းသည် တံတားတစ်စင်းလုံး ပြီးစီးမှု ၉၅ ရာခိုင်နှုန်းရှိနေပြီး ပင်မတံတားပေါ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

"ကတ္တရာခင်းတဲ့ လုပ်ငန်းကို အခုလိုစိုစွတ်တဲ့မိုးရာသီမှာ ခင်းရင်အခက်အခဲရှိပါတယ်။ ပွင့်လင်းရာသီရောက်မှသာ ပင်မတံတား

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတကာ

လိုက်ဘေးရီးယားတွင် အီဘိုလာသံသယရှိသူ ၁၇ ဦးပျောက်ဆုံး

စာမျက်နှာ ❖ ၄

ပြည်တွင်း

မကြာမီဖွံ့ဖြိုးတိုးတက်လာမည့် တွံတေးမြို့နယ် အနောက်ဘက်ခြမ်းဒေသ

စာမျက်နှာ ❖ ၇

ပြည်တွင်း

မင်္ဂလာဒုံစက်မှုဇုန်မှ နိုင်ငံတော်ဘဏ္ဍာအတွက် ဒေါ်လာရှစ်သန်းရှာဖွေပေးနိုင်ခဲ့

စာမျက်နှာ ❖ ၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဤခရီး နီးလာပြီ

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရမည်ဟူသော ရည်မှန်းချက်သည် ကျွန်ုပ်တို့နိုင်ငံ၏ အဓိကရည်မှန်းချက်ပင်ဖြစ်၏။ ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရသည် တာဝန်ယူချိန်မှစတင်၍ နှစ်ပေါင်း ၆၀ ကျော်ကြာ ညောင်းခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန် အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးရရှိနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ဤရည်မှန်းချက်သည် အောင်မြင်ပြီးမြောက်ရန် လက်တစ်ကမ်းသာလိုတော့သည်။ တစ်နည်းဆိုရသော် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး တည်ငြိမ်အေးချမ်းလာတော့မည်ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ် မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် မေ ၂၁ ရက်မှ ၂၃ ရက်အထိပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲမှ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိသည့် အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းပါ ကွဲလွဲချက်(၃၁) ချက်ရှိသည့်အနက် (၂၆)ချက်ကို သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရပါသည်။ ဆက်လက်ဆွေးနွေးရန် အချက်ငါးချက်သာကျန်ရှိတော့သည်။ ကျန်ရှိသည့် ဤအချက်အနည်းငယ်ကို လာမည့် စက်တင်ဘာတွင် နှစ်ဖက်တွေ့ဆုံဆွေးနွေးကြရန် သဘောတူထားကြပါသည်။

ဤသို့ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၂ခုနှစ် ဩဂုတ် ၁၈ ရက်က တစ်ပြည်လုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုပြုခဲ့သည်။ ဤဖိတ်ခေါ်မှုမှသည် ယခုအခါ အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။ နှစ်ဖက်ပါဝင်ဆောင်ရွက်ကြသူများ၏ အပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ယုံကြည်ကိုးစားမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု အစရှိသော အချက်များကြောင့်ပင် ညှိနှိုင်းဆွေးနွေးမှုများသည် အောင်မြင်သောအနေအထားသို့ ရောက်ရှိခဲ့သည်ဟု ယူဆမိပါသည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု အဆင့်မှနေ၍ နိုင်ငံရေးဆွေးနွေးပွဲများ အဆင့်သို့တက်လှမ်းနိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့်လည်း အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူပြီး ထာဝရတည်ငြိမ်အေးချမ်းမှုရသည်အထိ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ အမှန်တကယ်ချုပ်ငြိမ်းသွားသည်နှင့်အမျှ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ ပိုမိုဖြစ်ထွန်းကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ဤခရီးသည် အမှန်ပင်နီးလာပြီဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ပသို့ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ တာဝန်ဖြင့်စေလွှတ်ခြင်းနှင့် ပညာလေ့လာဆည်းပူးစေခြင်း

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၁၁)တွင် ပြည်ပသို့ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ တာဝန်ဖြင့်စေလွှတ်ခြင်းနှင့် ပညာလေ့လာဆည်းပူးစေခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၄၈မှ နည်းဥပဒေ ၁၅၁ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၄၈။ ဝန်ထမ်းတစ်ဦးကို ရာထူးအလျောက်တာဝန်များ ထမ်းဆောင်ရန်ဖြစ်စေ၊ အထူးတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန် ဖြစ်စေ၊ ပညာလေ့လာဆည်းပူးရန်ဖြစ်စေ ပြည်ပသို့ စေလွှတ်နိုင်သည်။

နည်းဥပဒေ ၁၄၉။ ပြည်ပသို့ တာဝန်ဖြင့် သွားရောက်သည့်ကာလနှင့် ပညာသင်ကြားသည့်ကာလကို သတ်မှတ်ရာတွင် ယင်းဝန်ထမ်း မြန်မာနိုင်ငံမှ ထွက်ခွာသည့်နေ့ရက်ကို ပြည်ပသို့တာဝန်ဖြင့် သွားရောက်သည့်ကာလ စသည်ဟု မှတ်ယူရမည်။ ယင်းဝန်ထမ်းမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်နေ့ရက်ကို ပြည်ပသို့တာဝန်ဖြင့် သွားရောက်သည့်ကာလပြီးဆုံးသည်ဟု မှတ်ယူရမည်။

နည်းဥပဒေ ၁၅၀။ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ပညာဆက်လက်သင်ကြားရန် သို့မဟုတ် လုပ်ငန်းဆိုင်ရာ လေ့ကျင့်မှုများရယူရန် ရွေးချယ်စေလွှတ်ခြင်းခံရသော ဝန်ထမ်း၏ပညာသင်ကာလ တစ်ခုလုံးကို အချိန်ပြည့် တာဝန်ထမ်းဆောင်နေသည့် ကာလအဖြစ်သတ်မှတ်ရမည်။ ထို့အပြင် ပညာသင်ကာလကို အကန့်အသတ်မထားဘဲ ထိုကာလတစ်လျှောက်လုံးတွင် (နှစ်တိုး အပါအဝင်) လစာအပြည့် ခွင့်ပြုရမည်။

နည်းဥပဒေ ၁၅၁။ ပြည်ပသို့တာဝန်ဖြင့် သွားရောက်နေသည့်ကာလအတွက် လစာကို ပြည်ပသို့မသွားရောက်မီက ခံစားရရှိနေသည့် နှုန်းအတိုင်းပြည်တွင်း၌ကျပ်ငွေဖြင့် ခံစားခွင့်ရှိသည်။ ပြည်ပ၌ရှိစဉ် ပြည်တွင်းတွင် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရပါက ယင်းသို့ တိုးမြှင့်ခန့်ထားသည့်ရာထူးလစာကို တိုးမြှင့်ခန့်ထားသည့်နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

ခွင့်ကာလကူးပြောင်းချိန်ကာလနှင့် ရုံးပိတ်ရက်များ ဆက်စပ်ခံစားခွင့်ပြုခြင်း

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၁၃) တွင် ခွင့်ကာလ၊ ကူးပြောင်းချိန်ကာလနှင့် ရုံးပိတ်ရက်များဆက်စပ်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၅၈ မှနည်းဥပဒေ ၁၅၉ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၅၈။ ခွင့်စတင်သည့်နေ့ရက်၏ရှေ့၌ ရုံးပိတ်ရက်တစ်ဆက်တည်းရှိနေခဲ့လျှင် ယင်းခွင့်ခံစားသည့်ဝန်ထမ်းကို ရုံးပိတ်ရက် မစမီနေ့ရက်၏ မွန်းလွဲပိုင်းတွင် ရာထူးတည်ရာဒေသမှ ထွက်ခွာခွင့်ပြုနိုင်သည်။ ခွင့် သို့မဟုတ် ကူးပြောင်းချိန်ကုန်ဆုံးသည့် နေ့ရက်၏နောက်တွင် ရုံးပိတ်ရက်တစ်ဆက်တည်းရှိနေခဲ့လျှင် ထိုရုံးပိတ်ရက်ကုန်ဆုံးသည့်နေ့ရက်၏ နောက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်များကိုပြန်လည်ထမ်းဆောင်ခွင့်ပြုနိုင်သည်။ သို့ရာတွင်-

(က) ဝန်ထမ်းကို ပြောင်းရွှေ့ခြင်း သို့မဟုတ် အလုပ်သို့ဝင်ရောက်ခြင်းပြုရာ၌ ဌာနဆိုင်ရာငွေကြေးများကို လွှဲပြောင်းပေးရန် သို့မဟုတ် လက်ခံယူရန် လိုအပ်မှုမရှိသည့်ကိစ္စဖြစ်ရမည်။

(ခ) ဝန်ထမ်းသည် အလုပ်တာဝန်မှ စော၍ထွက်ခွာခြင်းကြောင့် အခြားတစ်နေရာမှ ဝန်ထမ်းတစ်ဦးကို ယင်းထွက်ခွာသွားသူဝန်ထမ်း၏ တာဝန်များအား ထမ်းဆောင်ရန်စော၍ ပြောင်းရွှေ့ခြင်းမဖြစ်စေရ။

(ဂ) ဝန်ထမ်းသည် အလုပ်သို့ဝင်ရောက်မှု နောက်ကျခြင်းကြောင့် ယင်းဝန်ထမ်းမရှိသည့် ကာလအတွင်း ယင်းဝန်ထမ်း၏တာဝန်များကို ဆောင်ရွက်ပေးနေရသည့်ဝန်ထမ်းအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် နောက်ကျခြင်း မဖြစ်စေရ။

နည်းဥပဒေ ၁၅၉။ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကဖြစ်စေ၊ ခွင့်ပေးပိုင်ခွင့်ရှိသူကဖြစ်စေ ရုံးပိတ်ရက်ကို ခွင့် သို့မဟုတ် ကူးပြောင်းချိန်နှင့် ဆက်စပ်ခံစားသည့် ကိစ္စများနှင့်စပ်လျဉ်း၍-

(က) ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ၏ နောက်နေ့ရက်မှစ၍ ခွင့်ယူလျှင် ခွင့်ကာလ၊ ခွင့်လစာနှင့်စရိတ်တို့ကို ယင်းခွင့်ယူသည့် နေ့ရက်မှစ၍ တွက်ချက်ရမည်။

(ခ) ခွင့် သို့မဟုတ် ကူးပြောင်းချိန်၏ နောက်တွင် ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ တစ်ဆက်တည်းရှိနေလျှင် ယင်းခွင့် သို့မဟုတ် ကူးပြောင်းချိန်သည် ရုံးပိတ်ရက် သို့မဟုတ် ရုံးပိတ်ရက်များ၏ ရှေ့ရက်တွင် ကုန်ဆုံးသည်။ လစာစရိတ်တို့ကိုလည်း ယင်းရက်မှစ၍ ခွင့်ပြုရမည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက် ဖော်ပြသွားပါမည်။

မြန်မာ-ပိုလန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Zenon KUCHIAK တို့သည် ဩဂုတ် ၁၅ ရက် နံနက် ၈နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၁)၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကဏ္ဍများ အမြင်ချင်းဖလှယ်

ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ဒုတိယဥက္ကဋ္ဌ Dr. J. Stephen Morrison ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ဒုတိယဥက္ကဋ္ဌ Dr. J. Stephen Morrison ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအောင်သိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကဏ္ဍ၊ ငြိမ်းချမ်းရေးဆိုင်ရာကဏ္ဍ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❁ **ရှေ့ဖုံးမှ**

အပေါ်က ကတ္တရာခင်းခြင်းလုပ်ငန်းကိုဆောင်ရွက်နိုင်မှာပါ”ဟု တံတားအထူးအဖွဲ့(၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးသက်ထွန်းက ပြောပြသည်။

ဘိုကလေး မြစ်ကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ လမ်းမပေါ်တွင် တည်ရှိပြီး ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသည့် ဖျာပုံခရိုင်၏ အဓိကအရေးပါသည့် အများပြည်သူအားထားရမည့် တံတားတစ်စင်းလည်း ဖြစ်သည်။

အဆိုပါတံတားသည် တံတားအရှည် ၄၀၀၅ ပေ သုံးလက်မ (၁၂၂၀ ဒသမ ၈၅ မီတာ)၊ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်း သုံးပေအကျယ် နှစ်ဖက်ပါရှိပြီး ပင်မတံတားအောက်ခံအုတ်မြစ် ၁ ဒသမ ၅ မီတာ Bored Pile အမျိုးအစား၊ တံတားကိုယ်ထည် RC Concrete၊ တံတားအပေါ်ထည် Streel Truss and RC Concrete အမျိုးအစားဖြစ်ကာ ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည်။

ယခုအခါ ဘိုကလေးမြစ်ကူးတံတားသည် မိုးရာသီဖြစ်နေ၍ အချောသပ်လုပ်ငန်းဖြစ်သည့် ပင်မတံတားအပေါ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်သာ ကျန်ရှိနေပြီး တံတားတစ်စင်းလုံး၏ ကြံ့ခိုင်မှု ၉၅ ရာခိုင်နှုန်း ပြီးစီးနေသဖြင့် ယခုကဲ့သို့ မိုးများသည့်အချိန်တွင် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျန်းမာရေးကိစ္စများကြောင့် သွားလာရန် လိုအပ်နေသည့် ပြည်သူများ တံတားပေါ်မှ ဖြတ်ကူးသွားလာနိုင်ရေးအတွက် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများညှိနှိုင်း၍ ယာယီဖြတ်သန်းသွားလာခွင့် စီစဉ်ပေးထားကြောင်း သိရသည်။

ပေပေါင်း ၄၀၀၀ ကျော်ရှည်သည့် ဘိုကလေးမြစ်ကူးတံတားဖွင့်လှစ်ပြီးပါက ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ရာသီမရွေး အန္တရာယ်ကင်းကင်း၊ အချိန်ကုန်သက်သာစွာဖြင့် ဆက်သွယ်သွားလာနိုင်မည့်အပြင် ဖျာပုံခရိုင်၏ ကုန်စည်စီးဆင်းမှုသည်လည်း ပို၍ပို၍ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ဘိုကလေးမြစ်ကူးတံတား အချောသပ်လုပ်ငန်းဆောင်ရွက်နေစဉ်။

ပြည်တွင်းသတင်း

❁ **ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ အော်ဘန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဒေါက်တာ တီဘော နာဗရာဆစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကိစ္စတို့အပေါ် မစ္စတာနမ်ဘီးယား၏အမြင်များနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

ပုသိမ် ဩဂုတ် ၁၉

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက ဦးစီးကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း အပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၆ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းငါးခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဥပဒေကြမ်းတင်သွင်းခြင်း၊ အဆိုများတင်သွင်းခြင်း ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

❖ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားနည်းနေမည်။**

ULTRAMARINE BLUE T-83
မဲနယ်
ALLINK
အမှတ် - ၁၄၂၊ မြေညီထပ်၊ ၂၆ - လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၃၉၅၆၆၉
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်

နိုင်ငံတကာသတင်း

လိုက်ဘေးရီးယားတွင် အီဘိုလာသံသယရှိသူ ၁၇ ဦး ပျောက်ဆုံး

ဝက်စ်ပွိုင့်(လိုက်ဘေးရီးယား) ဩဂုတ် ၁၉

လိုက်ဘေးရီးယားနိုင်ငံ မြို့တော်ကျန်းမာရေးဌာနတစ်ခုတိုက်ခိုက်ခံရပြီးနောက် အီဘိုလာသံသယရှိသူ ၁၇ ဦး ပျောက်ဆုံးနေကြောင်း အစိုးရက ပြောကြားသည်။

အစိုးရက အစောပိုင်းတွင် အဆိုပါ အီဘိုလာဝေဒနာရှင်များ ပျောက်ဆုံးမှုကို ငြင်းဆိုထားပြီး ရောဂါဝေဒနာရှင်အားလုံး အခြားဆေးရုံတစ်ရုံသို့ ရွှေ့ပြောင်းထားသည်ဟု ဆိုထားသည်။ အီဘိုလာရောဂါသည် ဂီနီနိုင်ငံမှ စတင်၍ ဆီရာလီယွန်၊ လိုက်ဘေးရီးယားနှင့် နိုင်ဂျီးရီးယားနိုင်ငံများသို့ ဆက်လက်ပျံ့နှံ့ခဲ့ရာ ယခုအခါ သေဆုံးသူအနည်းဆုံး ၁၁၄၅ ဦးရှိသွားပြီဖြစ်သည်။

အဆိုပါရောဂါဖြစ်ပွားနေသော နိုင်ငံများမှ လာရောက်သည့် ခရီးသွားဧည့်သည်အားလုံးကို လေဆိပ်အဝင်အထွက်နေရာများ၌ သေသေချာချာစစ်ဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တိုက်တွန်းဆော်ဩထားသည်။

လေဆိပ်အပြင် ပင်လယ်ဆိပ်ကမ်းများနှင့်နယ်စပ်ဖြတ်ကျော်ဂိတ်များ၌လည်း အသေအချာကြပ်မတ်စစ်ဆေးရန် တိုက်တွန်းထားသည်။

ထိုအတောအတွင်း ကင်မရွန်းက နိုင်ဂျီးရီးယားနှင့်ကုန်းပိုင်း၊ ရေပိုင်းနှင့်လေကြောင်းလိုင်းများပါ ပိတ်ထားကြောင်း သတင်းများက ဆိုသည်။

အနောက်အာဖရိကတွင် ဖြစ်ပွားနေသော ဤရောဂါသည် လက်ရှိအခြေအနေအထိ ကမ္ဘာ့အသေအပျောက်အများဆုံးရောဂါဖြစ်လာသည်။ ထိုရောဂါကို ကုသရန်ဆေးမရှိသေးပေ။

ထိုအတောအတွင်း ဆီရာလီယွန်ရောက် ကုလသမဂ္ဂတွဲဖက်ညှိနှိုင်းရေးမှူး ဒေးဗစ်မက်လက်ချ်လန်က ဘီဘီစီသို့ အီဘိုလာရောဂါသည် အဆိုပါနိုင်ငံ၏ ၁၃ ခရိုင်အနက် ၁၂ ခရိုင်၌ ပျံ့နှံ့ဖြစ်ပွားနေသည်ဟု ပြောဆိုလိုက်သည်။ (WHO) စာရင်းများအရ ဤနိုင်ငံ၌ ရောဂါဖြစ်ပွားသူအနည်းဆုံး ၈၁၀ ရှိခဲ့ရာ သေဆုံးသူ ၃၄၈ ဦးရှိသွားပြီဖြစ်သည်။

(ဘီဘီစီ)

တိုက်ခိုက်မှုဖြစ်ပွားစဉ် ဆေးရုံမှ မိန်းကလေးတစ်ဦးကို ကယ်ထုတ်သွားစဉ်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို ထိရောက်စွာကိုင်တွယ်ရန် သမ္မတရှီကျင့်ဖျင် တိုက်တွန်း

ဂျက်ကီချန်း၏သား ဂျေစီးချန်းကို မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီး

ပေကျင်း ဩဂုတ် ၁၉

ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး ဂျက်ကီချန်း၏သားဖြစ်သူအား မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော အမှုများဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အသက် ၃၁ နှစ်အရွယ် ရုပ်ရှင်မင်းသားဂျေစီးချန်းအား အသက် ၂၃ နှစ်ရှိ တရုတ်(တိုင်ပေ)နာမည်ကြီးရုပ်ရှင်မင်းသား ကိုင်ကိုနှင့်အတူ ဩဂုတ် ၁၃ ရက်က ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ပေကျင်းရဲတပ်ဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုက် မိုက်ခရိုဘလော့ဂ်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

၎င်းတို့ နှစ်ဦးစလုံးသည် ဆေးခြောက်သုံးစွဲထားသည်ကို စမ်းသပ်တွေ့ရှိရကြောင်း၊ မစ္စတာချန်း၏ နေအိမ်၌ မူးယစ်ဆေးဝါး ၁၀၀ ဂရမ်ကျော်နှင့်အတူ တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နာမည်ကြီး အနုပညာရှင်အချို့ မူးယစ်ဆေးဝါးသုံးစွဲမှုအပေါ် ရဲတပ်ဖွဲ့က လိုက်လံဖြိုခွင်းနေစဉ် ၎င်းတို့ကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ဇွန်လတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုကို အစီအမံများ ချမှတ်ပြီး ထိထိရောက်ရောက် ကိုင်တွယ်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

The Flowers of War ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အသက် ၄၀ အရွယ် သရုပ်ဆောင်ဂေါ်ဟူးကိုလည်း ယခုလဆန်းပိုင်းက ဆေးခြောက်နှင့်မက်သာဖက်တမင်းများ လက်ဝယ်ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း အဆိုပါ နိုင်ငံပိုင်မီဒီယာက သတင်းထုတ်ပြန်သည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ နာမည်ကြီးအကျော်အမော်တွေကို ပစ်မှတ်ထား လိုက်ဖမ်းနေတာတော့ မဟုတ်ပါဘူး"ဟု ပေကျင်းမြူနီစီပယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူးဂျင်ဇီဟိုင်းက ပြောကြားသည်။

"မူးယစ်ဆေးဝါးသုံးစွဲနေတဲ့သူတွေကို တိုးပြီး ဖြိုခွင်းလိုက်တာနဲ့အမျှ အခုလို နာမည်ကြီး သရုပ်ဆောင်တွေ၊ ကျော်ကြားတဲ့သူတွေဟာလည်း တရားခံအဖြစ် တိုးလာမှာပါပဲ"ဟု သူက ဩဂုတ် ၁၄ ရက်က ပေကျင်းတိုင်း(မ်)သတင်းစာသို့ ပြောကြားခဲ့သည်။

(ဘီဘီစီ)

ရေငန်မိကျောင်းတိုက်ခိုက်မှုကြောင့် ဩစတြေးလျငါးဖမ်းလုပ်သား သေဆုံး

ဒါဝင် ဩဂုတ် ၁၉

ဩစတြေးလျမြောက်ပိုင်း၌ ဇနီးမောင်နှံနှစ်ဦး ငါးဖမ်းနေစဉ် ရေငန်မိကျောင်းကြီးတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

အဆိုပါ အမျိုးသားသည် ဒါဝင်တောင်ပိုင်း Ade Laid မြစ်အတွင်း ဆင်းသက်စဉ် ၄ ဒသမ ၅ မီတာ (၁၅ ပေ)ရှိ မိကျောင်းတစ်ကောင်၏တိုက်ခိုက်မှုခံခဲ့ရခြင်း ဖြစ်သည်။

အမျိုးသမီးသည် အော်သံကြားခဲ့ရပြီး ရေထဲ၌ ရိုက်ခတ်နေသော အမြီးကို တွေ့ခဲ့ရကြောင်း အရာရှိများကို ပြောပြခဲ့သည်။ တိုက်ခိုက်ခံရပြီး နာရီအနည်းငယ်ကြာမှ အလောင်းကို တွေ့ခဲ့ရကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက မိကျောင်းကို ပစ်သတ်ခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း ဩစတြေးလျမြောက်ပိုင်းဒေသ၌ မိကျောင်းတိုက်ခိုက်မှုကြောင့် ယခုသေဆုံးသူသည် လေးဦးရှိပြီဖြစ်သည်။

အပျော်စီးသင်္ဘောများသည် တိုက်ခိုက်မှုဖြစ်ပွား၍ ပိတ်ထားသော ၎င်းမြစ်ကြောင်းနေရာ၌ မိကျောင်းက တိုင်၌ချိတ်ဆွဲထားသော ကြက်သေကောင်ကို လှမ်းဆွဲသည့်ပုံကို ပြသကြသည်။ ပုံမှန်အားဖြင့် ယင်းမိကျောင်းသည် အပျော်စီးသင်္ဘောများကို ချဉ်းကပ်လေ့ရှိသည်။

၁၉၇၁ ခုနှစ်က မိကျောင်းကို ကာကွယ်ထားသည့် မျိုးစိတ်အဖြစ် ကြေညာပြီးကတည်းက အရေအတွက် တိုးလာခဲ့သည်။ ၎င်းတို့သည် ဩစတြေးလျမြောက်ပိုင်း အပူပိုင်းဒေသ၌ တွေ့ရလေ့ရှိသည်။ ဩစတြေးလျအစိုးရသည် မတ်လကတင်ပြခဲ့သည့် မြောက်ပိုင်းဒေသကို မိကျောင်းတောပစ်ကွင်းအဖြစ် ခွင့်ပြုရန် အစီအစဉ်ကို ငြင်းဆိုခဲ့သည်။ **(ဘီဘီစီ)**

အမေရိကန်လေကြောင်းလိုင်းအားလုံး ဆီးရီးယားနိုင်ငံပေါ် ပျံသန်းမှုပိတ်ပင်

ဝါရှင်တန် ဩဂုတ် ၁၉

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အမေရိကန်လေကြောင်းလိုင်းများသည် ဆီးရီးယားဝေဟင်၌ လုံခြုံမှုမရှိကြောင်း အမေရိကန်နိုင်ငံက ကြေညာလိုက်သည်။

အမေရိကန်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့က အမေရိကန်လေကြောင်းလိုင်းများ ဆီးရီးယားဝေဟင်တွင် ဖြတ်သန်းပျံသန်းမှုမပြုလုပ်ကြရန် ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၁၈ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ "ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေတဲ့လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပတ်ဝန်းကျင်လုံခြုံရေး ပျက်စီးနေမှုတွေဟာ လေကြောင်းလိုင်းတွေကို ခြိမ်းခြောက်လာနိုင်ပါတယ်"ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ပိတ်ပင်မှုသည် အမေရိကန်မှတ်ပုံတင်ထားသော လေယာဉ်များအားလုံးနှင့် အက်ဖ်အေအေမှလိုင်စင်ထုတ်ပေးထားသော လေယာဉ်မှူးများ အကျိုးသက်ရောက်မည်ဟု ဆိုသည်။

စစ်သွေးကြွများအနေဖြင့် လေယာဉ်ဖျက်လက်နက်အမျိုးမျိုးရရှိရန် ကြိုးစားလာခြင်းကြောင့် ဆီးရီးယားနိုင်ငံအပေါ် ပျံသန်းခြင်းကို ဝါရှင်တန်က ပိတ်ပင်လိုက်ရသည်ဟု ဆိုသည်။ လက်နက်ကိုင်စစ်သွေးကြွများသည် မကြာမီကလများက လေယာဉ်ဖျက် ဒုံးကျည်များ ပိုင်ဆိုင်ထားပြီဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားဓာတုလက်နက်ပစ္စည်းတန် ၆၀၀ ကျော် အမေရိကန်သင်္ဘောမှ ဖျက်ဆီးပေးမှုပြီးစီး

ဝါရှင်တန် ဩဂုတ် ၁၉

အထူးပြုလုပ်ထားသော အမေရိကန်သင်္ဘောတစ်စင်းက အန္တရာယ်အများဆုံး ဆီးရီးယားဓာတုလက်နက်တွင်ပါဝင်သောပစ္စည်းတန် ၆၀၀ စလုံးကို ဒြပ်ပြယ်သောနည်းဖြင့် ဖျက်ဆီးမှုမှာ ပြီးစီးသွားပြီဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အမေရိကန်သင်္ဘော USS Cape Ray ပေါ်မှ သင်္ဘောသားများသည် အဆိုပါအလုပ်ကိုပြီးစီးအောင်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပင်တဂွန်သတင်းထုတ်ပြန်ရေးအတွင်းရေးမှူး ဂျွန်ကာဘိုင်က ပြောကြားသည်။ အဆိုပါသင်္ဘောသည် လာမည့်သီတင်းနှစ်ပတ်အတွင်း အဆိုပါဒြပ်ပြယ်ပစ္စည်းများချရန် ဖင်လန်နှင့် ဂျာမနီသို့ သွားရာက်လိမ့်မည်ဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ယင်းဓာတုလက်နက်ပစ္စည်းများ အောင်မြင်စွာဖျက်ဆီးနိုင်မှုအပေါ် အမေရိကန်သမ္မတဘားရက်အိုဘားမားက ချီးကျူးပြောဆိုလိုက်သည်။ လွန်ခဲ့သည့် စက်တင်ဘာလက ရုရှားနှင့်အမေရိကန်တို့သည် ဆီးရီးယားဓာတုလက်နက်များ ဖယ်ရှားပေးရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ ဖျက်ဆီးလိုက်သော ဓာတုပစ္စည်းများတွင် ဆာရင်းဓာတုပစ္စည်း ၅၈၁ ဒသမ ၅ တန်နှင့် Sulfur Mustard ၁၉ ဒသမ ၈ တန် ပါဝင်သည်။ **(ပရက်စ်တီဗွီ)**

ဂါဇာအပစ်အခတ်ရပ်စဲရေးတစ်ရက်တိုးမြှင့်

ဂါဇာ ဩဂုတ် ၁၉

ကိုင်ရိုမြို့၌ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ဂါဇာအပစ်အခတ်ရပ်စဲရေးကို နောက်ထပ်တစ်ရက်တိုးမြှင့်ခဲ့ကြောင်း ပါလက်စတိုင်းနှင့်အစ္စရေးအရာရှိများက ဘီဘီစီသို့ ပြောကြားခဲ့သည်။

အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသ၌ ဇူလိုင် ၈ ရက်က စတင်တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၂၀၁၆ ဦး၊ အစ္စရေး ၆၆ ဦးသေဆုံးခဲ့သည်။

ပါလက်စတိုင်းနှင့်အစ္စရေးကိုယ်စားလှယ်များက ဆွေးနွေးပွဲများပြုလုပ်ရန် သဘောတူညီခဲ့ပြီးနောက် ၂၄ နာရီကြာ အပစ်အခတ်ရပ်စဲရေးကို အီဂျစ်အစိုးရက အတည်ပြုခဲ့သည်။

ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များသည် တစ်ဆင့်ခံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ကိုင်ရိုမြို့သို့ ပြန်လာခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲ မန္တလေးအမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်

မန္တလေး ဩဂုတ် ၁၉

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် အနာဂတ်မြန်မာလူငယ်လူရွယ်များ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးကာ လက်ဆင့်ကမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနကကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲကို ဩဂုတ် ၁၇ ရက် ည ၇ နာရီက မန္တလေးကျုံးအရှေ့ဘက် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံခြားသားဧည့်သည် ၂၃ ဦး၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အနုပညာဝါသနာရှင်ပြည်သူများ စုစုပေါင်း ၉၀၀ နီးပါး တက်ရောက်အားပေးကြည့်ရှုကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဝင်းခင်းအခမ်းအနား ပဏာမဧည့်ခံဂီတသံ၊ နတ်ချင်းယိမ်းအကနှင့် ကိုကြီးကျော်၊ တစ်ပင်တိုင်အက၊ စောင်းနှင့် ပတ္တလား၊ ကမျိုးကိုးလီ နဝရတ်စီ၊ ခုနစ်ထွေအက၊ မြန်မာ့ခြင်းလုံး၊ တူနှစ်သွယ်အက၊ ပြည်ထောင်စုကြီးတို့ရဲ့ မြန်မာ၊ မြန်မာ့ရုပ်သေး (ဆီမီးခွက်၊ အပျိုတော်) မြန်မာ့ရိုးရာ ရှင်လောင်းလှည့်ပွဲနှင့် မန်းတောင်ရိပ်ခိုတို့ဖြင့် ရိုးရာယဉ်ကျေးမှုကို မြှင့်တင်သည့်စိတ်ဝင်စားဖွယ် မြိုင်မြိုင်ဆိုင်ဆိုင် မြူးမြူးကြွကြွ ကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံခြားဧည့်သည်များ၊ အနုပညာဝါသနာရှင် ပြည်သူများက တစ်ခဲနက် အထူးနှစ်ခြိုက်စွာ အားပေးကြသည်။

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲကို မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခေတ်သုံးခေတ်၏ မြန်မာ့အမွေအနှစ် ယဉ်ကျေးမှုများကို ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး အမျိုးသားဇာတ်ရုံ၌ ဩဂုတ် ၃၀ ရက်တွင်လည်း ဆက်လက်ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးတန်ဖိုးထားသူတိုင်း မလွတ်တမ်း ကြည့်ရှုသင့်သည့် ကပွဲတစ်ခုဖြစ်ရာ နိုင်ငံခြားဧည့်သည်များအတွက် ဝင်ခွင့်လက်မှတ်တစ်စောင်လျှင် မြန်မာငွေကျပ်တစ်သောင်းနှင့် အများပြည်သူအတွက် ဝင်ခွင့်လက်မှတ်တစ်စောင်လျှင် ငွေကျပ်တစ်ထောင်ဖြင့် ဝယ်ယူကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်နှင့် လိုင်းဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဩဂုတ် ၁၉ ရက်က ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်၊ သခင်မြလမ်းမြို့မဈေးကြီး အနောက်ဘက်ခြမ်းရှိ ဓာတ်အားလိုင်းကြိုးများ မြေပေါ်သို့ ပြတ်ကျနိုင်ခြင်းမရှိစေရန်အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၀ ခန်းကို (Spacer Link Rope) များ တပ်ဆင်ဆောင်ရွက်စဉ်။ ကိုမျိုး(ရွှေပေါက်ကံ)

အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပ

ပြည် ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ဆောင်၌ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ၂၀၁၄ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲ၌ နံနက်ပိုင်း ၉ နာရီမှ ၁၁ နာရီအထိ စာစီစာကုံး၊ ကာတွန်းပြိုင်ပွဲ၊ မွန်းတည့် ၁၂ နာရီတွင် ပန်းချီပြိုင်ပွဲတို့ကိုကျင်းပခဲ့ပြီး ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကဗျာပြိုင်ပွဲ၊ ညနေ ၄ နာရီတွင် ပိုစတာပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်သက်နိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) မှ ဒုရဲမှူးမျိုးသိန်းနှင့်ပြည်ခရိုင် ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများစုစုပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပြည်ခရိုင်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူစုစုပေါင်း ၃၄၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအမျိုးအစားအလိုက် ပြည်ခရိုင်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၅)**

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဟောပြော

ဖြူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က လူမှောင်ခိုလူကုန်ကူးမှု ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတားဆီးကာကွယ်ရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများသာမက ရာအိမ်စုမှူး၊ ဆယ်အိမ်စုမှူးများပါ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပူးပေါင်းပါဝင် ဖော်ထုတ်သင့်ကြောင်း ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးသိန်းစိုးက ၎င်းတို့နှင့်သက်ဆိုင်သောပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ကြူကြူသင်းက မူးယစ်ဆေးဝါးများနှင့် သတ်မှတ်ရက်ကျော်လွန်သော ဆေးဝါးများအကြောင်း ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၁၃၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

နေပြည်တော် ဩဂုတ် ၁၉

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်အတွင်းတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၀ မှု အလေးချိန် ၄ ဒသမ ၆၂၈ ကီလို၊ ဘိန်းဖြူ ၅၅ မှု အလေးချိန် ၀ ဒသမ ၄၇၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ မှု ဆေးပြားအရေအတွက် ၇၅၄၀၅ ပြား၊ ဆေးခြောက် ငါးမှု အလေးချိန် ၈ ဒသမ ၉၅၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၁ မှု အလေးချိန် ၀ ဒသမ ၃၂၀ ကီလို၊ ဘိန်းစာမှုန့် အလေးချိန် ၀ ဒသမ ၃၅ ကီလို၊ ဘိန်းဆီခဲငါးမှု အလေးချိန် ၀ ဒသမ ၁၁၂ ကီလို၊ အရိုးမီးသွေး အလေးချိန် ၃၀ ကီလို၊ အိုက်စ်အလေးချိန် ၀ ဒသမ ၀၁၂ ကီလို၊ အီသိုင်းအီသာ ၁၂ လစ်တာ၊ အမိုးနီယမ်ကလိုရိုဒ်တစ်မှု အလေးချိန် ၀ ဒသမ ၄၉၂ ကီလို၊ မှတ်ပုံတင်ပျက်တစ်မှု အမှုပေါင်း ၁၅၀ ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၅၀၊ အမျိုးသမီးတရားခံ ၄၀ စုစုပေါင်း ၁၉၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက ညောင်ပင်သာ(ပျဉ်းမနား) ဒသမတန်းမှ မဖူးသဉ္ဇာကျော်နှင့် သတ္တမတန်းမှ မသဒ္ဒါဖြူစင်တို့၏ ဖခင်သည် ဦးဖိုးကျော်(ခ) ဦးကျော်ကျော်မိုး တစ်ဦးတည်း ဖြစ်ပါကြောင်း။

မူးယစ်ဆေးသုံး လူညွန့်တုံး

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများတွေ့ရှိ

မိုင်းဆတ် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ၂၀၁၄ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်မှစတင်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု(၃၀)မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မယ်ကြုတ်နယ်မြေအတွင်း နယ်မြေရှင်းလင်းမှုများကို ဆောင်ရွက်စဉ် မယ်ကြုတ်ကျေးရွာအနီး လျှိုတစ်ခုအတွင်း သို၀ှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဂက်စ်အိုး ၃၅ လုံး၊ အီသိုင်းအီသာဆေးရည် ၃၁ ဒသမ ၈၂၂ လီတာ အပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်း ရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မိုင်းတွမ်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

PUN HLAING HOSPITAL

အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်

ကိုရီးယားသရုပ်ဆောင်များကိုခွဲစိတ်ကုသပေးနေသော ကိုရီးယားနိုင်ငံမှအလှအပနှင့်အရေပြားဆိုင်ရာ

ခွဲစိတ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် ဩဂုတ်လ (၂၃) ရက်မှ (၂၄) ရက်နေ့အထိ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

စက်ရုံဟောင်းမှသည် စက်မှုနယ်မြေသစ်ဆီသို့

စောစိုးမောင်(နတ်မောက်)

၁၅-၈-၂၀၁၄ ရက်နေ့မှာတော့ စက္ကူစက်ရုံ (စစ်တောင်း)ရဲ့ နှစ်ထပ်ရုံးကြီးမှာ ဝန်ထမ်းတွေ စုစုရုံးရုံးနဲ့ စည်ကားနေကြပါတယ်။ ဘဏ္ဍာရေးဌာနက တာဝန်ခံ ဒေါ်ပိုပိုရဲ့ အသံကလည်း ဒီနေ့ပိုပြီး ခပ်စာစာ၊ ခပ်စွာစွာ ရှိတယ်လို့ ထင်မိပါတယ်။ စက်ရုံဝန်ထမ်းတွေ ကြည့်တော့လည်း တပြုံးပြုံး၊ တရုန်းရုန်း။

ဘာတွေလုပ်နေကြတာလဲလို့ မေးကြည့်လိုက်တော့ . . . ပင်စင် သုံးလစာနဲ့ လုပ်သက်ဆုကြေးတွေ ထုတ်နေကြတာတဲ့လေ. . .။ ဘယ်သူတွေ ပင်စင်ယူကြလို့ ဘယ်လို လုပ်သက်ဆုကြေးတွေ ရကြတာလဲလို့ ထပ်ပြီး စူးစမ်းကြည့်မိပါတယ်။

စက္ကူစက်ရုံ(စစ်တောင်း)ဆိုတာ ဟိုးတစ်ချိန်က ကျောင်းသင်ရိုး စာအုပ်ထဲက အထင်ကရ စက်ရုံကြီး တစ်ခုပါ။ ကျွန်တော်တို့တစ်တွေဟာလည်း စက္ကူစက်ရုံ (စစ်တောင်း)က ထွက်တဲ့ စာရွက်တွေနဲ့ ရိုက်နှိပ်ထားတဲ့ ကျောင်းသင်ရိုး စာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ပဲ ကျောင်းသားဘဝကို ကျော်ဖြတ်ပြီး ကြီးပြင်းလာခဲ့တာပါ။ ခုတော့ ကျွန်တော်တို့လည်းဘွဲ့ရပြီး အလုပ်ခွင်ဝင်တဲ့ အရွယ်ရောက်ပြီးဖြစ်သလို နှစ်(၄၀)ကျော်ကြာ မနားမနေ လည်ပတ်ခဲ့တဲ့ စက္ကူစက်ရုံ (စစ်တောင်း) ကြီးဟာလည်း အိုဟောင်း ဆွေးမြည့်နေပါပြီ။ တာဝန်နဲ့ ရောက်သခိုက် စက်ရုံထဲ လျှောက်ပတ်ကြည့်မိတော့ စက်တွေ၊ အဆောက်အအုံတွေဟာ ထင်ထားတာထက် ပိုမိုအိုမင်းဟောင်းနွမ်းနေကြတာကို တွေ့ရပါတယ်။ ဓာတုဗေဒစက်ရုံခွဲနားရောက်တဲ့ အခါမှာတော့ ဘာကြောင့်လုံးဝရပ်နားခဲ့ရတယ်ဆိုတဲ့ အဖြေကို တွေ့လိုက်ရပါတယ်။ Chemical Plant တစ်ခုရဲ့ စက်နဲ့ အဆောက်အအုံဟာ အလွန်ဆုံး (၁၅)နှစ်ကျော်ဆိုရင် အကြီးစား ပြင်ဆင်လဲလှယ်ရတယ်လို့ သိရပါတယ်။ နှစ်ပေါင်း (၄၀)ကျော်အတွင်း ဘယ်နှစ်ကြိမ်ပြုပြင်မွမ်းမံခဲ့သလဲ မသိရပေမယ့် အခုအခြေအနေမှာတော့ အက်စစ်ငွေ့ (Cl_2, ClO_2) တွေကြောင့် သံထည်ပစ္စည်းတွေဟာ ဆွေးနေကြပါပြီ။ အဆောက်အအုံတွေဟာ အုတ်၊ အင်္ဂတေ ကွာကျလို့ အထဲက သံချည်သံကွေးတွေတောင် ဆွေးပြီး ပြတ်ကျနေကြတာကို တွေ့လိုက်ရပါတယ်။ စက်ရပ်နားထားပေမယ့် ကိုယ့် Section အလိုက် လုံခြုံရေးတာဝန်ယူနေကြတဲ့ ဝန်ထမ်းတချို့ကိုတွေ့တော့ စက်မလည်နိုင်တော့တဲ့အကြောင်း အခုလို သိခွင့်ရခဲ့ပါတယ်။

စက်မလည်နိုင်တာ သုံးနှစ်နီးပါးလောက်ရှိပြီဖြစ်တဲ့အကြောင်း၊ နှစ်ပေါင်း (၄၀)ကျော် ကြာအောင် ဒီစက်တွေကိုပဲသုံးပြီး လည်ခဲ့တဲ့အကြောင်း၊ လိုအပ်တဲ့ အဆင့်မြှင့်တင်ခြင်းနှင့် စက်များအစားထိုးလဲလှယ်ခြင်းတွေကို အဆက်မပြတ် လုပ်ရမှာဖြစ်ပေမယ့် မလုပ်နိုင်ခဲ့ကြကြောင်း၊ အခုနောက်ပိုင်းမှာတော့ စက်တွေရဲ့ အရည်အသွေးကျဆင်းလာသလို အကြိမ်ကြိမ်ပြုပြင်နေရသဖြင့် ကုန်ထုတ်စွမ်းအားလည်း ကျဆင်းလာကြောင်း၊ မူလ Capacity ရဲ့ ၅၀ ရာခိုင်နှုန်းပင် မနည်းကြိုးစားနေရကြောင်း၊ အဓိက ပြဿနာမှာ ကုန်ကြမ်းသွင်းအားစုများကို ပိုမိုသုံးစွဲလာရကြောင်း၊ တစ်နှစ်ထက် တစ်နှစ် စီးပွားရေးတွက်ခြေကိုက်မှုမရှိတော့တဲ့ အခါမှာ တဖြည်းဖြည်းနဲ့ အခုလို အခြေအနေရောက်သွားကြောင်း သူတို့က ရှင်းပြကြပါတယ်။ အုတ်နံရံတစ်ခုသာခြားတဲ့ စက်ရုံဘက်အခြမ်းကတော့ တိတ်ဆိတ်နေသလောက် ဒီရုံးဘက်အခြမ်းကတော့ အခုထိ ဆူညံစည်ကားနေဆဲဖြစ်ပါတယ်။

လုပ်သက်ဆုကြေးငွေနဲ့ သုံးလစာပင်စင် ငွေထုပ်လေးကို ဆုပ်ကိုင်ရင်း ချွေးတရွှဲရွှဲ ပြုံးဖြဲဖြဲနဲ့ ရုံးထဲကထွက်လာတဲ့ သူငယ်ချင်းနဲ့ ဆုံရပါပြီ။ ကျွန်တော့်ရဲ့ ရှည်လျားထွေပြားလှတဲ့ မေးခွန်းတွေကို စက်ရုံအရာထမ်း တစ်ဦးပီသစွာပဲ သူက ရှည်ရှည်ဝေးဝေး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြပါတယ်။

စက္ကူစက်ရုံ(စစ်တောင်း)ဟာ စက်တွေရဲ့ အရည်အသွေးကျဆင်းလာတာရယ်၊ သွင်းအားစုတွေ ဈေးနှုန်းကြီးမြင့်လာတာရယ်၊ ထုတ်ကုန် ပစ္စည်းတွေ ခေတ်မမီတော့တာကြောင့် တဖြည်းဖြည်းနဲ့ အရှုံးပေါ်လာပါတယ်။ ဝန်ထမ်းဦးရေကလည်း ၁၀၀၀ ကျော်ရှိတာကြောင့် လစာနဲ့ ပင်စင်စရိတ်တွေကပဲ လစဉ် ကျပ်သန်း ၁၀၀

ကျော် ရှိပါတယ်။ ဒီလိုနဲ့ ၂၀၁၁ ခုနှစ် အစိုးရသစ်လက်ထက်ရောက်တဲ့အခါမှ ကဏ္ဍပေါင်းစုံပြုပြင်ပြောင်းလဲရေးတွေ လုပ်ကြပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမှာ အဓိကကျတဲ့ စက်မှုကဏ္ဍတွေကိုလည်း ပြုပြင်ပြောင်းလဲရေးလုပ်ရာမှာ နိုင်ငံတော်ပိုင် အခန်းကဏ္ဍလျှော့ချရေးနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးကို ပြောင်းလဲ ဖော်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် အောင်မြင်မှုမရရှိဘဲစက်ရုံဝန်ထမ်းတွေရဲ့ လစာနဲ့ စရိတ်တွေကို အသားတင်ကျခံနေရတဲ့ အခြေအနေကနေ ရုန်းထွက်နိုင်ဖို့အတွက် နိုင်ငံတော်ပိုင်စက်ရုံအတော်များများ ပုဂ္ဂလိကကို နှစ်ရှည်ငှားရမ်းတဲ့ အစီအစဉ်တွေကို အကောင်အထည်ဖော်ခဲ့ပါတယ်။

ဒီလိုနဲ့ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းလက်အောက်က စက္ကူစက်ရုံ (စစ်တောင်း)ကို ရွှေသံလွင် ကုမ္ပဏီကို ၁၀ နှစ် စာချုပ်ချုပ်ဆိုကာ ငှားရမ်းလုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ရွှေသံလွင်ကုမ္ပဏီက စက္ကူထုတ်လုပ်တဲ့ မျိုးရိုးထဲက မဟုတ်ပေမယ့် စက်ရုံစငှားတဲ့ အချိန်ကစပြီး သုံးလလောက် ကြိုးကြိုးစားစား လည်ပတ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ခုနပြောသလို အိုဟောင်းပြီး အရည်အသွေး ကျဆင်းနေတဲ့စက်တွေရယ်၊ ဈေးကြီးလာတဲ့ သွင်းအားစုတွေရယ်နဲ့ ပုဂ္ဂလိကနှုန်းနဲ့ ပေးချေရတဲ့ သဘာဝဓာတ်ငွေ့ဖိုးတွေရယ်ကြောင့် ဘယ်လိုမှ စီးပွားရေးတွက်ခြေမကိုက်ဘဲ ရပ်နားလိုက်တာ ဒီနေ့ထိပဲဖြစ်ပါတယ်။ စက္ကူလောကကို ကိုယ်တိုင် မကျွမ်းကျင်ပေမယ့် ရွှေသံလွင်ကုမ္ပဏီဟာ လုပ်ကိုင်နိုင်မယ့် ပြည်ပနိုင်ငံက ကုမ္ပဏီ ၂၀ ကျော်လောက်ကို ဆက်သွယ်ကာ စက်ရုံကို တစ်နည်းတစ်ဖုံ အသက်သွင်းနိုင်ရေးကို ကြိုးစားညှိနှိုင်းခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း ဒီနေ့ထိ အဆင်မပြေသေးဘဲ ဝန်ထမ်းတွေကို မပျက်မကွက် လစာတွေ မှန်မှန်ပေးရင်း စက်ရပ်နားထားရတဲ့ အခြေအနေဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် စက်တင်ဘာလမှာတော့ ရွှေသံလွင်ကုမ္ပဏီအနေနဲ့ စက်ရုံကို ငှားရမ်းခဲ့တာ နှစ်နှစ်ပြည့်ခဲ့ပါတယ်။ ဝန်ထမ်းတွေကို မပျက်မကွက် လစာပေးနိုင်ခဲ့ပေမယ့် စက်ကတော့ ရပ်နားထားတာမို့ အလုပ်အကိုင်ကတော့ မပေးနိုင်ခဲ့ပါဘူး။ အဲဒီရက်ပိုင်းမှာပဲ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက္ကူစက်ရုံ (စစ်တောင်း)ကို ပထမဆုံးအကြိမ်ရောက်ရှိပြီး စက်ရုံအခြေအနေ၊ ဝန်ထမ်းတွေရဲ့ အခြေအနေကို တွေ့ရှိခဲ့ပါတယ်။ အဲဒီခရီးစဉ်အပြီးမှာပဲ အလုပ်မလုပ်ရဘဲ လခထုတ်စားနေတဲ့ ဝန်ထမ်းတွေရဲ့ဘဝရှေ့ရေး ရပ်တည်နိုင်ရေးနဲ့ စက္ကူစက်ရုံ(စစ်တောင်း)ကို ပုံစံတစ်မျိုးနဲ့ အသက်သွင်းနိုင်ဖို့ စဉ်းစားခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ စက္ကူစက်ရုံ (စစ်တောင်း) ကို စက်မှုနယ်မြေ (Industrial Complex)အဖြစ် ပုံစံပြောင်း လုပ်ကိုင်ဖို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြနိုင်ခဲ့ပါတယ်။ အဆင်သင့်ရှိနေတဲ့ လုပ်သားအင်အားတွေ၊ လျှပ်စစ်မီးနဲ့ သဘာဝ ဓာတ်ငွေ့ရရှိမှုတွေ၊ ရေလမ်း၊ ကုန်းလမ်း နှစ်ခုလုံးနဲ့ ပို့ဆောင်ဆက်သွယ်နိုင်တဲ့ အားသာချက်တွေရယ်ကြောင့် ကုမ္ပဏီအသီးသီးက စက်ရုံအသီးသီးလာရောက် လုပ်ကိုင်ရင်းနှီးမြှုပ်နှံနိုင်ဖို့နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)ကို ဖိတ်ခေါ်နိုင်ဖို့ ဒီစစ်တောင်းဒေသကို စက်မှုနယ်မြေအဖြစ်ပြောင်းလဲ ဖော်ဆောင်မယ့် အစီအစဉ်ကို ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းကာအမြန်အကောင်အထည်ဖော်ဖို့ ဗဟိုအစိုးရက တိုက်တွန်းဆန္ဒပြုခဲ့ပါတယ်။

စက္ကူစက်ရုံ(စစ်တောင်း)ဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ စက်ရုံမြေ ၉၂၆ ဧကနဲ့ ကုန်ကြမ်းစိုက်ခင်းမြေ ဧက ၉၆၃၀ အပါအဝင် ယနေ့အထိ ဝန်ထမ်း ၈၀၀ ကျော်ရှိနေပါတယ်။ အိုမင်းဟောင်းနွမ်းနေတဲ့ စက္ကူစက်ရုံ (စစ်တောင်း)ကနေ စက်မှုနယ်မြေသစ်ကို တက်လှမ်းပြောင်းလဲနိုင်ဖို့အတွက် စက်မှုဝန်ကြီးဌာနအနေနဲ့ စက္ကူစက်ရုံ(စစ်တောင်း)ကို နိုင်ငံတော်ကို ပြန်လည် အပ်နှံရတော့မှာဖြစ်ပါတယ်။ ဒီတော့ လုပ်ထုံးလုပ်နည်းအရ Zero Setting လုပ်ရပါတယ်။ စက်ပစ္စည်းနဲ့ အဆောက်အအုံတွေကို Book Value အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးတွေ လုပ်ရပါတယ်။ ဒါမှသာ နိုင်ငံပိုင်မြေတွေလို နိုင်ငံတော်ကို စနစ်တကျပြန်လည် အပ်နှံနိုင်မှာဖြစ်ပါတယ်။ နောက်ထပ် အရေးကြီးတာကတော့ ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ ဝန်ထမ်းတွေကို စက္ကူစက်ရုံ (စစ်တောင်း)အောက်ကနေ Zero Setting လုပ်ရာမှာတော့ သူတို့ရဲ့ဆန္ဒသဘောထားအတိုင်းလုပ်ကိုင်ဖို့ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။ ဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်လိုသူတွေကို စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ နီးစပ်ရာစက်ရုံတွေ၊ မိမိနှစ်သက်ရာ လုပ်ငန်းတွေ၊ အခြားဝန်ကြီးဌာနတွေနဲ့ ဖွဲ့စည်းပုံအရ ခန့်ထားပေးနိုင်မယ့် စက်ရုံတွေကို ရွေးချယ်ပြောင်းရွှေ့ခွင့်ပြုခဲ့ပါတယ်။ သို့မဟုတ် လျော့ပေါ့ပင်စင်ယူပြီး လက်ရှိငှားရမ်းလုပ်ကိုင်နေတဲ့ ရွှေသံလွင်ကုမ္ပဏီမှာ လက်ရှိလစာအတိုင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ဖို့လည်း ရွေးချယ်ခွင့်ပေးခဲ့ပါတယ်။

ဝန်ထမ်းဆက်လုပ်မလား၊ လျော့ပေါ့ပင်စင်ယူပြီး ရွှေသံလွင်ကုမ္ပဏီမှာ ဆက်လုပ်ကြမလားဆိုတဲ့ ရွေးချယ်ခွင့်နှစ်ခုအပေါ်မှာ ဝန်ထမ်းတွေက ၎င်းတို့ရဲ့ယုံကြည်မှု၊ ခံယူချက်အတိုင်းပဲ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီဘဝနဲ့ ဒီဒေသကို မစွန့်ခွာနိုင်သူတွေကလည်း သထုံမှာ အကောင်အထည်ဖော်မယ့် ကော့စတစ်ဆိုဒါ စက်ရုံ (စီမံကိန်း)နဲ့ မွန်ပြည်နယ်အတွင်းက စက်ရုံအချို့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရင်း နိုင်ငံ့ဝန်ထမ်းဘဝကို အသက်ဆက်ကြပါတယ်။ အတွက်အချက် ကောင်းတဲ့ ဝန်ထမ်း ၆၀၀ ကျော်ကတော့ လျော့ပေါ့ပင်စင်ယူပြီး မူရင်းလစာထက် မလျော့တဲ့ လစာနှုန်းထားနဲ့ ရွှေသံလွင်ကုမ္ပဏီဝန်ထမ်းလုပ်ဖို့ ရွေးချယ်လိုက်ကြပါတယ်။

၁-၅-၂၀၁၄ ရက်နေ့ကတည်းက လျော့ပေါ့ပင်စင်ယူဖို့ စတင်ဆန္ဒပြုခဲ့တဲ့ဝန်ထမ်း ၂၃၉ ဦးကတော့ ရွှေသံလွင်ကုမ္ပဏီရဲ့ အလုပ်ခန့်စာနဲ့အတူ သုံးလစာပင်စင်နဲ့ လုပ်သက်ဆုကြေးတွေကို စနစ်တကျ ရေတွက်ထုတ်ယူနေကြပါတယ်။ လုပ်ငန်း(ရုံးချုပ်)နဲ့ စက်ရုံက တာဝန်ရှိတဲ့သူတွေကလည်း အဆိုပါ ၂၃၉ ဦးရဲ့ ပင်စင်လစာနဲ့ ဆုကြေးငွေသိန်းပေါင်း ၂၈၀၀ ကျော်ကို ကိုယ်ပိုင်အလှူပေးနေရသလို ထုတ်ပေးရင်း ဝန်ထမ်းတွေနည်းတူ ပျော်တပြုံးပြုံးဖြစ်နေတာကို တွေ့မြင်ရပါတယ်။ နောင်ကျန်တဲ့ ပင်စင်ယူ ဝန်ထမ်းတွေကိုလည်း ပင်စင်ဦးစီးဌာနက ခွင့်ပြုတာနဲ့ အခုလို စက်ရုံအရောက်လာပေးဦးမှာပါလို့ အသံစာစာနဲ့ ဒေါ်ပိုပိုက ရှင်းလင်းပြောဆိုနေပါတယ်။

၂၀၁၃ ခုနှစ် စက်တင်ဘာက စတင်ခဲ့တဲ့ Industrial Complex အိပ်မက်ဟာ တဖြည်းဖြည်းနဲ့ ရောင်ခြည်သန်းလာပါပြီ။ ပြည်နယ်အစိုးရအဖွဲ့ကလည်း စက်မှုနယ်မြေစီမံကိန်းတွေ စတင်ရေးဆွဲနေပါပြီ။ အိုဟောင်းနေတဲ့စက်ရုံကြီးရဲ့ နေရာမှာ ခေတ်မီနည်းပညာတွေနဲ့ ခေတ်မီသစ်လွင်တဲ့ စက်ရုံအဆောက်အအုံတွေ မကြာတော့တဲ့ကာလမှာ မြင်တွေ့ရပေတော့မည်။ ။

ပခုက္ကူမြို့နယ် ရတနာသိခ်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆောင်ဆောက်လုပ်ရေးအတွက် ထောက်ပံ့ကူညီ

နေပြည်တော် ဩဂုတ် ၁၉

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ရတနာသိခ်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၆၀၇၆ ကို ပေးအပ်လှူဒါန်းခြင်းနှင့် စီမံကိန်းဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က အဆိုပါမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Hideki WADA နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံများ တက်ရောက်ခဲ့ကြသည်။

ရတနာသိခ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ဂျပန်နိုင်ငံအစိုးရက ကျောင်းသုံး ပရိဘောဂ၊ အိမ်သာများအပါအဝင် သံကူကွန်ကရစ်နှစ်ထပ် စာသင်ကျောင်းဆောင် ဆောက်လုပ်နိုင်ရေးအတွက် ကူညီပေးခြင်းဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာ စီမံကိန်းပေါင်း ၆၈၉ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၁၂ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၇၅ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၆ ခု၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၃၁ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့ကို ထောက်ပံ့ကူညီခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းကူးကွန်ကရစ်တံတားများတည်ဆောက်

ကျောက်တံခါး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရန်၊ သွေးလွန်တုပ်ကွေးရောဂါများ၊ အခြားသော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်၊ လမ်းကူးရာတွင် အဆင်ပြေစေရန် လမ်းကူးကွန်ကရစ်တံတားများ တည်ဆောက်ပေးလျက်ရှိသည်။

ဆက်လက်၍ ကျောက်တံခါးမြို့တွင် ရေဝပ်သော နေရာများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ကျောက်တံခါးမြို့နယ်စည်ပင်သာယာက လမ်းကူးကွန်ကရစ်တံတားများ ထပ်မံတည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

ပြည်တွင်းသတင်း

မကြာမီဖွံ့ဖြိုးတိုးတက်လာမည့် တွံတေးမြို့နယ် အနောက်ဘက်ခြမ်းဒေသ

ရန်ကုန် ဩဂုတ် ၁၉

ဖွံ့ဖြိုးတိုးတက်စ ပြုလာသည့် ရန်ကုန်မြို့တော်ကြီးနှင့် ဆက်စပ်လျက် ဖွံ့ဖြိုးတိုးတက်လာတော့မည့် အလားအလာ အခြေခံကောင်းများရှိသော တွံတေးမြို့နယ်၏ ရှေ့အလားအလာများကို မြို့နယ်ပြည်သူများအား ရှင်းလင်းအသိပေးသည့် တွေ့ဆုံပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မိဘဂုဏ်ခန်းမ၌ ကျင်းပခဲ့သည်။

တွံတေးမြို့နယ်ကို ရန်ကုန်မြို့တော်ကြီးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန် ယခင်အစိုးရလက်ထက်က ရန်ကုန်-တွံတေးလမ်းမကြီး၊ တွံတေးတူးမြောင်းဖြတ်ကူးတံတား၊ မအူပင်တွံတေးလမ်းမကြီးများ ဖောက်လုပ်ပေးခဲ့သည်။ တွံတေးမြို့နယ်တွင် ငါးကန်ဧကပေါင်း ၃၄၈၃၀ ခန့်ရှိပြီး ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကာ စိုက်ပျိုးရေး အခြေခံကောင်းများလည်း ပေါကြွယ်များပြားစွာရှိသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ပေးရန်အတွက် ယခုအခါ နိုင်ငံတော်အစိုးရ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းလျက် Integrated Area Development Project အသွင်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်သည်။

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ Value Chain အသွင်ဖြင့် မွေးမြူရေး Complex အဖြစ် အများပိုင်လုပ်ငန်းများ မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ ထို့အပြင် အလွန်ဝမ်းမြောက်ဂုဏ်ယူရမည့် လုပ်ငန်းတစ်ရပ်မှာ တိမ်ကောနေသော ပန်းလှိုင်မြစ်ကြီးကို ပြန်လည်ဆယ်ယူ အသုံးပြုနိုင်တော့မည့် ဆောင်ရွက်မှုကြီးပင်ဖြစ်သည်။ ထို့အတူ ကြည့်မြင်တိုင်မြို့နယ်အနောက်ခြမ်းသို့ ဖြတ်ကူးမည့် တံတားသစ်ကြီးတစ်စင်းသည်လည်း မကြာမီ ပေါ်ထွန်းလာမည်ဖြစ်သည်။

ဆက်စပ်လျက်ရှိသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေများကို အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးအတွက် အသိပေးခြင်း၊ အမြင်ဖလှယ်ခြင်းများ ပြုလုပ်ရန် ဤကဲ့သို့ တွေ့ဆုံပွဲများ ကျင်းပပေးရခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖ ကျေးရွာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

သားအိမ်ခေါင်းကင်ဆာအကြောင်းဟောပြော

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ဂုဏ်ထူးဆောင်ပါမောက္ခ၊ သားဖွားမီးယပ်အထူးကု ပါမောက္ခ ဒေါက်တာဝင်းဝင်းမြက သားအိမ်ခေါင်း ကင်ဆာအကြောင်း ဟောပြောပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့ သီရိရတနာခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် တာဝန်ရှိသူများ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာဝင်းဝင်းမြက သားအိမ်ခေါင်းကင်ဆာ၏ အရေးကြီးပုံ၊ ရောဂါဖြစ်ပွားရသော အကြောင်းရင်းများ၊ ရောဂါဖြစ်ပွားပုံအဆင့်ဆင့်နှင့် ကုသမှုနည်းလမ်းများ၊ သားအိမ်ခေါင်းကင်ဆာရောဂါ၏ လက္ခဏာများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ကာကွယ်ဆေးများအကြောင်းကို ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးကန်တစ်ကန်ကို တွေ့ရစဉ်။

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၁၉

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းတည့် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာ ကျော်လွန်နေကာ ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးနှင့်ပြန်ကြားရေး ဗိုလ်လုမည်

နေပြည်တော် ဩဂုတ် ၁၉

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်ကို ယနေ့ညနေပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဆက်လက်ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၂၀ ရက်ညနေပိုင်းတွင် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်၌ သွေးလွန်တုပ်ကွေး၊ ဂျပန်ဦးနှောက်ရောင်နှင့် အီဘိုလာရောဂါများအကြောင်း ဆွေးနွေးပွဲပြုလုပ်

စစ်တွေ ဩဂုတ် ၁၉

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးရောဂါနှင့် ဂျပန်ဦးနှောက်ရောင် ရောဂါများ၊ အာဖရိကနိုင်ငံအချို့တွင် ဖြစ်ပွားနေသော ကူးစက်မြန်အီဘိုလာရောဂါအကြောင်း ဆွေးနွေးပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက အမှာစကား ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာစံကျော့ခိုင်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်း၊ လက်ရှိအခြေအနေ၊ ကာကွယ်နှိမ်နင်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာလှမူနှင့် သမားတော်ကြီး ဒေါက်တာမျိုးညွှန့်တို့က စစ်တွေဆေးရုံးကြီးသို့ ရောက်ရှိလာသော လူနာများအခြေအနေနှင့် ကုသမှုများအားလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက တက်ရောက်လာကြသူများ၏ တင်ပြချက်၊ ဆွေးနွေးချက်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန်နှင့် ဆရာဝန်များ၊ စစ်တွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်ဆေးရုံများမှ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော

❖ *ကျောဖုံးမှ*

SMW-3 ရေအောက် ကေဘယ်လ်အဖွဲ့အစည်းမှ သတင်းပေးပို့ချက်အရ ချွတ်ယွင်းမှုကို ပြုပြင်ရန် ASEAN RESTORER ရေအောက်ကေဘယ်လ် ပြုပြင်ရေးသင်္ဘောဖြင့် ဩဂုတ် ၂၁ ရက်နေ့မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်မှုအစီအစဉ်အရ စက်တင်ဘာ ၁၆ ရက်တွင် ပြုပြင်ခြင်းလုပ်ငန်းများပြီးစီး၍ ဆက်ကြောင်းများ ပြန်လည်ကောင်းမွန်နိုင်မည်ဟု သိရှိရပါကြောင်းနှင့် လက်ရှိတွင် SMW-3 ရေအောက်ကေဘယ်လ် ဆက်ကြောင်း၏ အိန္ဒိယနိုင်ငံ(Mumbai)မှ ဆက်သွယ်ထားသောဆက်ကြောင်းပိုင်းနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဖိုင်ဘာ ဆက်ကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

(မြန်မာ့ဆက်သွယ်ရေး)

မိုးလေဝသ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနေသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးညှင်းမြို့တွင် ၆ ဒသမ ၀၂ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ရန်ကုန်မြို့တွင် ၀ ဒသမ ၆၉ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

မိဘပင်စင်စားများသို့ အသိပေးပန်ကြားလွှာ

မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ်ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရန် အစဉ်ကြိုးပမ်းလျက်ရှိရာ မိဘပင်စင်စားများအား ပင်စင်လစာထုတ်ပေးခြင်းဝန်ဆောင်မှုကိုလည်း ပိုမိုကောင်းမွန်ရန် အစဉ်တစိုက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးသည့်လုပ်ငန်းကို ယခင်က လူအားဖြင့် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၂ ခုနှစ်မှစ၍ ခေတ်မီအီလက်ထရွန်နစ် နည်းပညာအသုံးပြု၍ အီးပင်စင်စနစ်ကို ဖန်တီးကာ ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သို့ရာတွင် ပင်စင်စားဦးရေ နှစ်စဉ်တိုးတက်များပြားလာရာ အချို့သောမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများ၏ ပကတိရှိသော ဘဏ်အဆောက်အအုံပရဝဏ်တို့၌ မိဘပင်စင်စားများအတွက် နေရာထိုင်ခင်း အခက်အခဲကြုံတွေ့လာရပါသည်။ သို့ဖြစ်ရာ ထိုအခက်အခဲ ပြေလည်စေရန်အတွက် တိုးချဲ့ရန်မြေနေရာရှိသည့် ဘဏ်အဆောက်အအုံတို့တွင် တိုးချဲ့ဆောင်များ ဆောက်လုပ်ပေးခဲ့ပါသည်။ တိုးချဲ့ဆောင်ဆောက်လုပ်ပေးရန် နေရာအခက်အခဲရှိသည့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၄)တွင် ပင်စင်လစာထုတ်ယူသော မိဘပင်စင်စားများအတွက် နေရာထိုင်ခင်းအခက်အခဲပြေလည်စေရန် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အဆိုပါ ဘဏ်ခွဲ(၄) အမှတ် ၂၊ ၃၂-လမ်း (အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့-ဘဏ်ခွဲ-၃ နှင့် ကျောချင်းကပ်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ် တစ်ထပ်အဆောက်အအုံတွင် မိဘပင်စင်စားများ နေရာထိုင်ခင်း ကျယ်ကျယ်ဝန်းဝန်းရှိစေမည့် ဘဏ်ခွဲ(၄) တိုးချဲ့ဆောင်ကို (၂၁-၈-၂၀၁၄)ရက်နေ့မှစ၍ ဖွင့်လှစ်ပြီး ယင်းတိုးချဲ့ဆောင်တွင် ပင်စင်လစာထုတ်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘပင်စင်စားများကို ဘဏ်ခွဲ(၄)ပင်စင်တိုးချဲ့ဆောင်တွင် ပင်စင်လစာလာရောက်ထုတ်ယူကြပါရန် ရိုသေလေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်



စက္ကူစက်ရုံ(စစ်တောင်း)မှ ဝန်ထမ်း ၆၀၀ ကျော် လျော်ကြေးပင်စင်ခံစားကြပြီး လက်ရှိလစာနှုန်းဖြင့် ရွှေသံလွင်ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်

နေပြည်တော် ဩဂုတ် ၁၉

စက္ကူစက်ရုံ(စစ်တောင်း) သည် နှစ်ပေါင်း ၄၀ ကျော် ကုန်ထုတ်လုပ်မှုပြုလုပ်ခဲ့ရာမှ ယခုအခါ စီးပွားရေးတွက်ခြေကိုက်မှုမရှိတော့သဖြင့် စက်များ ရပ်နားထားရသည့်အခြေအနေတွင် ရှိနေခဲ့ပြီး အဆိုပါ စက္ကူစက်ရုံ(စစ်တောင်း)၌ စက်ရုံအမြောက်အမြားပါဝင်သော စက်မှုနယ်မြေ (Industrial Complex) တစ်ခုတည်ထောင်ရန် အစီအစဉ်အရ စက္ကူစက်ရုံ(စစ်တောင်း)၏ ဖွဲ့စည်းပုံကို ဖျက်သိမ်းပြီးဖြစ်၍ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်လိုသော ဝန်ထမ်းများကို ဖွဲ့စည်းပုံရှိသော အခြားစက်ရုံများသို့ ပြောင်းရွှေ့ခန့်ထားပေးပြီး အများစုဖြစ်သော ဝန်ထမ်း ၆၀၀ ကျော်အား လျော်ကြေးပင်စင်ပေးအပ်ကာ လက်ရှိလစာနှုန်းထားအတိုင်း ရွှေသံလွင်ကုမ္ပဏီက ဆက်လက်ခန့်ထားပေးကြောင်း သိရသည်။

၂၀၁၄ မေ ၁ ရက်မှစ၍ လျော်ကြေးပင်စင်ယူရန် ဆန္ဒပြုခဲ့သော အဆိုပါဝန်ထမ်း ၆၀၀ ကျော်မှ ပထမအသုတ် ပင်စင်ဦးစီးဌာနမှ ခွင့်ပြုသူ ၂၃၉ ဦး၏ လုပ်သက်ဆုကြေးငွေနှင့် ပင်စင်သုံးလစာ စုစုပေါင်းငွေကျပ်သိန်း ၂၈၀၀ ခန့်ကို ဩဂုတ် ၁၅ ရက်တွင် တာဝန်ရှိသူများက ထုတ်ပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ဝန်ထမ်းများအတွက်လည်း ပင်စင်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက စက်မှုဝန်ကြီးဌာနက ထိုက်သင့်ငွေပမာဏကို စက်ရုံအရောက် ယခုကဲ့သို့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အငြိမ်းစား ဝန်ထမ်းများအနေဖြင့် ၂၀၁၄ မေ ၁ ရက်မှစ၍ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သော ကာလအလျောက် နိုင်ငံတော်မှချီးမြှင့်သော ပင်စင်လစာနှင့်အတူ ယခုလစာထက်မနည်းသော လစာနှုန်းထားဖြင့် ရွှေသံလွင်ကုမ္ပဏီမှပေးအပ်မည့် လစာကိုလည်း ရရှိခံစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်မှပူးပေါင်းပါဝင်ဆောင်ရွက်နေမှုဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar အား လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာနှင့် မြန်မာ့တပ်မတော် ဆက်ဆံရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Mr. Vijay Nambiar တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဇမ္ဗူသီရိဆေးရုံကြီး၌ ဒုတိယအကြိမ် အခမဲ့မျက်စိခွဲစိတ်ကုသ

နေပြည်တော် ဩဂုတ် ၁၉

ဒုတိယအကြိမ် အခမဲ့မျက်စိခွဲစိတ်ကုသမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့်အတူ မျက်စိခွဲစိတ်ပြီး လူနာများအား နိုင်ငံတော် သမ္မတ၏ အလှူငွေနှင့်နေကာမျက်မှန်များကို ပေးအပ်၍ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပေးအပ်သည့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများအတွက် ငွေကျပ် ငါးသိန်းကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ခွဲစိတ်ခန်းတာဝန်ခံဒေါက်တာသက်လွင်ထံ ပေးအပ်သည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ ဝန်ထမ်းများနှင့် မှီခိုသူဝန်ထမ်းမိသားစုဝင်များအား ဇမ္ဗူသီရိဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့က မျက်စိရောဂါအခမဲ့ စမ်းသပ်ကုသပေးနိုင်ရေး စာရင်းကောက်ယူခဲ့ရာ မျက်စိပါဝါစမ်းသပ်လိုသူ ၃၂၂၀ ဦး၊ မျက်စိရောဂါစမ်းသပ်ကုသလိုသူ ၁၉၇၀ စုစုပေါင်း ၅၁၉၀ ဦးကို စာရင်းကောက်ခံရရှိခဲ့ပြီး ဩဂုတ် ၄ ရက်မှစတင်၍ ဇမ္ဗူသီရိဆေးရုံကြီးတွင် မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီးများက စမ်းသပ်ကုသပေးခဲ့ရာ ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သော ဝေဒနာရှင် ၁၃၀ တို့အနက် ၇၉ ဦးကိုခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ကျန်ရှိသည့် ဝေဒနာရှင် ၅၁ ဦးအား ယနေ့တွင် ခွဲစိတ်ကုသပေးသည်။

ဇမ္ဗူသီရိ ဖောင်ဒေးရှင်းသည် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မျက်စိရောဂါအခမဲ့ စမ်းသပ်ကုသပေးခြင်း၊ လည်ပင်းကြီးရောဂါ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါများ စမ်းသပ်ကုသပေးခြင်း လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ အထူးကုဆရာဝန်ကြီးများ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဇမ္ဗူသီရိဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့က ကြီးမှူးစီစဉ်၍ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမှုတွင် ဆေးရုံကြီး၌ လာရောက်ကုသလျက်ရှိသည့် မျက်စိဝေဒနာရှင် ပြည်သူများကလည်း မိမိတို့ဘဝ၌ အပြီးအပိုင် ဆုံးရှုံးပြီဟု တွေးထင်ထားသည့် ဘဝအလင်းရောင်ကို ပြန်လည်ရရှိမည်ဖြစ်သောကြောင့်ရင်တွင်း ဖြစ်ပေါ်နေသည့်ခံစားချက်များကိုလည်း ယခုလို အသီးသီးပြောကြားသွားသည်။

မျက်စိဝေဒနာရှင်ပြည်သူတစ်ဦး
ဥတ္တရသီရိမြို့နယ်

ဇမ္ဗူသီရိဆေးရုံကြီးမှာ ဇမ္ဗူသီရိဖောင်ဒေးရှင်းကနေ မျက်စိအခမဲ့ကုသပေးနေတယ်ဆိုတာ သိရလို့ အခုလိုလာရောက်ပြီးတော့ ကုသတာပါ။ မျက်စိတိမ်ဖြစ်နေတာကို ကုသပေးမယ်လို့ ပြောပါတယ်။ ကျွန်တော့်မျက်စိတစ်ဖက်က မမြင်ရပါဘူး။ အခုလို အခမဲ့ခွဲခွင့်ရပြီး ပြန်မြင်ရမယ်ဆိုတာသိရလို့ ကျွန်တော်ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်သလို ပီတိလည်းဖြစ်မိပါတယ်။ ဒီဆေးရုံမှာရှိတဲ့ စက်ပစ္စည်းကိရိယာတွေကလည်း တော်တော်လေးအဆင့်မြင့်ပါတယ်။ အခုလိုအခမဲ့ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အရင်က ဒီလိုကုသမယ်ဆိုရင် ငွေကုန်ကြေးကျ အင်မတန်များပါတယ်။ အခုဟာက တစ်ပြားမှမကုန်ပါဘူး။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးနဲ့ လူနာစောင့်အတွက်ပါ အားလုံးအဆင်ပြေပါတယ်။ ဒီအတွက်အများကြီး ကျေးဇူးတင်ပါတယ်။

ဒေါ်စိန်စိန်မြင့်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

အခုလို ဇမ္ဗူသီရိဖောင်ဒေးရှင်းက မျက်စိ အခမဲ့ကုသပေးတဲ့အတွက်

ဝမ်းသာရပါတယ်။ အခုလို ကျွန်မတို့ကို အခမဲ့ဝန်ဆောင်မှုပေးတဲ့အတွက် အားလုံးကိုလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်။ မျက်လုံးကို ပြန်ပြီး အလင်းရောင်ပေးတဲ့အတွက် အင်မတန်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်ရဲ့ အထောက်အပံ့နဲ့ ဝန်ဆောင်မှုတွေပေးတဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

ဦးစိုးခိုင်ထွေး
သမဝါယမဝန်ကြီးဌာန

ဝမ်းသာပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ငွေထုတ်ပြီးတော့ မလုပ်နိုင်ဘူးပေါ့လေ။ အစိုးရက လုပ်ပေးတဲ့အတွက်လည်း အများကြီးဝမ်းသာပါတယ်။ ဒီဖောင်ဒေးရှင်းကိုလည်း

ကျေးဇူးတင်ပါတယ်။ ရင်ထဲမှာလည်း ဝမ်းသာပါတယ်။ သမ္မတကြီးကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။

ဒေါ်စန်းငွေ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

မျက်စိခွဲစိတ်ကုသပေးတဲ့အတွက် ဇမ္ဗူသီရိဖောင်ဒေးရှင်းကို ကျေးဇူးတင်ပါတယ်။ ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်တွေကိုလည်း ကျေးဇူးအလွန်တင်ပါတယ်။ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ သမ္မတကြီးကိုလည်း ကျေးဇူးလည်းတင်ပါတယ်။ ကျွန်မတို့ဝန်ထမ်းတွေအကုန်လုံးကို

မျက်စိ ခွဲစိတ်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ **(သတင်းစဉ်)**

မင်္ဂလာဒုံစက်မှုဇုန်မှ နိုင်ငံတော်ဘဏ္ဍာအတွက် ဒေါ်လာရှစ်သန်းရှာဖွေပေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံစက်မှုဇုန် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံ၍ နိုင်ငံတော်မှ တတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေရာတွင် လုပ်ငန်းများ လျင်မြန်စေရန်အတွက် မလိုလားအပ်သည့်လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းများအား ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအလုပ်သမားများအား နည်းပညာပိုမိုတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်၊ အခွင့်အလမ်းပိုမိုရရှိရေးကို အလေးထားဆောင်ရွက်စေလိုပါကြောင်း၊ အလုပ်သမားများလုံခြုံစိတ်ချစွာဖြင့် အလုပ်လုပ်နိုင်သည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန်လိုပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကိုသာ စဉ်ဆက်မပြတ် ဆောင်ရွက်လိုကြောင်း၊ တစ်ချိန်တည်းမှာပင် လူမှုဘဝသာယာဝပြောရေးအစီအစဉ်များကိုလည်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး မှန်ဘီလူးထုတ်လုပ်မှုစက်ရုံ၊ အထည်ချုပ်စက်ရုံများနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မင်္ဂလာဒုံစက်မှုဇုန်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြေဧက ၂၂၀ ဒသမ ၆၆ ဧက၌ ၁၉၉၆ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီ(၁၀)ခုမှ လုပ်ငန်းများ လည်ပတ်လျက်ရှိရာ အလုပ်သမားပေါင်း ၁၁၆၅၄ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ခဲ့ကာ စတင်တည်ထောင်သည့်ကာလမှယနေ့အထိ နိုင်ငံတော်ဘဏ္ဍာအတွက် အမေရိကန်ဒေါ်လာ ၈ သန်းကျော် ရှာဖွေပေးနိုင်ခဲ့သော စက်မှုဇုန်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးပွင့်အဆင့်(၆)စီမံချက်အရ နိုင်ငံသားလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မူဆယ် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့နယ်ခွဲ ဖောင်းဆိုင်ကျေးရွာအုပ်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုးပွင့်အဆင့် (၆)စီမံချက်အရ အသက် ၁၀ နှစ်ပြည့်သူတိုင်း နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၇ ရက်က ဖောင်းဆိုင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခု ၅၀ ကို မြို့နယ်ခွဲလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်ကိုကိုဝင်းက ဒေသခံတိုင်းရင်းသားပြည်သူများထံသို့ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး မဟာဗျူဟာရည်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ သို့သော် မျှော်မှန်းသလောက်ခရီးမပေါက်ခဲ့ဘဲ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံနှင့်လူမျိုးကို ခြိမ်းခြောက်မြဲ ခြိမ်းခြောက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀မှ ၂၀၁၃-၂၀၁၄အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၁၉၉၇ ခုနှစ်တွင် မိုင်းလားအထူးဒေသ(၄)၊ ၂၀၀၃ခုနှစ် ကိုးကန့်အထူးဒေသ(၂)၊ ၂၀၀၅ခု 'ဝ' အထူးဒေသ(၂)နယ်မြေများမှာ ဘိန်းကင်းမဲ့ဇုန်များ ဖြစ်လာခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုဓလေ့သည် မိမိတို့နိုင်ငံအတွင်း ပပျောက်သွားခြင်းမရှိဘဲ အခြားနေရာဒေသများတွင် အမြစ်တွယ်ရှင်သန်ဆဲ ဖြစ်နေခဲ့ပါကြောင်း။

၁၉၉၆ မှာ ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်မှာ ၂၁၅၀၀ ဟက်တာအထိကျဆင်းသွားခဲ့ပြီး ၂၀၀၇ခုနှစ်ကစတင်ပြီး တစ်စတစ်စ ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ အထိ ရှိလာခဲ့ပါကြောင်း။

ထို့အပြင် စိတ်ကြွရူးသွပ်ဆေးပြဿနာသည် နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် ခြိမ်းခြောက်လာခဲ့ပြီး မြို့နယ်ပေါင်း ၁၆၀ ကျော်တွင် ဖမ်းဆီးအရေးယူခဲ့ရမှုဖြစ်စဉ်များအရ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုဓလေ့သည် မြန်မာ့လူ့ဘောင်အတွင်း လျင်မြန်စွာပျံ့နှံ့လာခဲ့ကြောင်းကို တွေ့ရှိရပါကြောင်း၊ လူမှုနယ်ပယ်အသီးသီးမှာ ရှိသည့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ သားကောင်များဘဝ ကျရောက်ပြီး အနာဂတ်ပျောက်ဆုံးနေမှုများသည် နိုင်ငံတော်တည်ဆောက်ရေး ရှေ့ခရီးအတွက် ရတက်မအေးစရာဖြစ်လာခဲ့ပြီး ကာယကံရှင်များ၏ မိဘဆွေမျိုးအသိုင်းအဝိုင်းအတွက် သားသမီးရတနာများဆုံးရှုံးရသကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံသစ်တည်ဆောက်ရေး အင်အားကို ချည့်နဲ့သွားစေနိုင်ပါကြောင်း။

မူးယစ်ဆေးဝါး ခြိမ်းခြောက်မှုအန္တရာယ်အပေါ် လူထု၏စိုးရိမ်ပူပန်မှုများ တစ်နေ့တခြားမြင့်မားလာလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များအပေါ် လူထုယုံကြည်ကိုးစားပါဝင်မှုကို မြှင့်တင်နိုင်ရန်နှင့် လူထုအတွင်း မူးယစ်ဆေးဝါးခြိမ်းခြောက်မှု အန္တရာယ်အပေါ်စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်ကြီးကို ရှင်သန်အားကောင်းပြီး ပြုပြင်ပြောင်းလဲရေးဦးတည်သည့် ချဉ်းကပ်မှုပုံစံ (A dynamic reform- oriented approach) နှင့် အရှိန်အဟုန်မြှင့်တင်သွားရန် အချိန်ကျရောက်နေပြီဟု တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ၏ ရည်မှန်းချက်ဖြစ်သော Drug Free ASEAN 2015 ဖြစ်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တာဝန်ရှိကြောင်းကို ဂရုပြုရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အလားတူ ၂၀၁၄ ခုနှစ်သည် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ၂၀၀၉ ခုနှစ် နိုင်ငံရေးကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (2009 Political Declaration and Plan of Action on the World Drug Problem) အပေါ် လုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည်သုံးသပ်သည့်နှစ်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂမှ ၂၀၁၉ ခုနှစ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်သုံးစွဲမှု လုံးဝပပျောက်ရေး (သို့မဟုတ်) လျှော့ချရေးလုပ်ငန်းများ သိသာစွာ ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ချမှတ်ထားပါကြောင်း။

၂၀၁၄ ခုနှစ်သည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၏ ခရီးတစ်ဝက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပခဲ့သည့် (၅၇) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေး၌ မူးယစ်ဆေးဝါးပပျောက်ရေး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် မိမိတို့ နိုင်ငံတွင်လည်း ယင်းဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကိုပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုအကြောင်းရင်းများကို လေ့လာကြည့်ပါက ဘိန်းစိုက်ပျိုးရာဒေသအများစုတွင် မြေပြင်အနေအထားအရ သွားလာမှုခက်ခဲခြင်း၊ အခြားသီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုမရှိခြင်း၊ ထွက်ရှိသည့်သီးနှံများ ဈေးကွက်သို့ရောက်ရှိရန်စရိတ်ကြီးမြင့်ခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးပြီး စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ဘိန်းသည်အခြားသီးနှံထက် ဝင်ငွေပိုရခြင်းတို့ကြောင့်ဖြစ်ကြောင်းကို တွေ့ရှိရသည့်အပြင် အချို့ဒေသများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းကို အခွင့်ကောင်းယူပြီး စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါကြောင်း။

ဘိန်းခင်းများကို ခေတ်မီနည်းပညာများအသုံးပြု၍ ထောက်လှမ်းခြင်း၊ တည်နေရာမြေပုံများ အတည်ပြုခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို မထိခိုက်စေသည့် နည်းလမ်းများဖြင့် ဖျက်ဆီးခြင်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ တပ်မတော်၊ ရဲတပ်ဖွဲ့များ၊ ဒေသခံလူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့နည်းကျဆင်းရေးဆောင်ရွက်ရာမှာ စိုက်ပျိုးပြီး ဘိန်းခင်းများကို ဖျက်ဆီးခြင်းကဲ့သို့ တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်တစ်ခုတည်းဖြင့် မရနိုင်ဘဲ ဘိန်းစိုက်ဒေသနေ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများကို မြှင့်တင်ပေးရေးအစရှိသော အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဒေသအလိုက် နယ်မြေသဘာဝနှင့်ကိုက်ညီသော အစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် ဈေးကွက်ဝင်ဆံ့မှု ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်သည်မှ ဈေးကွက်ရောက်သည်အထိ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ခိုင်မာအားကောင်း ချောမွေ့အောင်ဝိုင်းဝန်းဖန်တီး ထူထောင်ပေးရန်ဖြစ်ပါကြောင်း။

ထို့အပြင် စိတ်ကြွရူးသွပ်ဆေးပြားပြဿနာသည်လည်း နိုင်ငံအတွက်ခြိမ်းခြောက်လာသည့် စိန်ခေါ်မှုအသစ်တစ်ခု ဖြစ်ပါကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အခြေခံလိုအပ်သော ဓာတုပစ္စည်းများသည် နိုင်ငံအတွင်း ထုတ်လုပ်နိုင်ခြင်း မရှိသော်လည်း သွားလာမှုခက်ခဲပြီး တောတောင်ထူထပ်သည့် နယ်စပ်ကို ဖြတ်ကျော်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကာ အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့် ဝင်ရောက်လျက်ရှိသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရှိရပါကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း (ပရီကာဆာ)များကို ထိန်းချုပ်နိုင်ရေးအတွက် ရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဂိတ်၊ နိုင်ငံတကာဝင်ပေါက်များတွင် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့်အတွက် တရားဝင်တင်သွင်းလာသော ဓာတုကုန်ကြမ်းပစ္စည်းများကိုလည်း မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို လမ်းလွဲမရောက်အောင် ထိန်းချုပ်ရေးကော်မတီအဆင့်ဆင့်မှ စနစ်တကျထိန်းသိမ်းစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကိုတားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်းအနေဖြင့် ရှုမြင်ခြင်းမပြုသင့်ဘဲ ကျန်းမာရေးရှုထောင့်နှင့်လူမှုစီးပွားရေးအမြင်တို့ဖြင့် ရှုမြင်ပြီး ကုသမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲသူများ စာရင်းအမှန် ရရှိနိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်မှုသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရပ်ကွက်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ရပ်မိရပ်ဖများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြားသောလူမှုအဖွဲ့အစည်းအသီးသီးမှ အဖွဲ့အစည်းဝင်များက ဆိုင်ရာနယ်ပယ်အလိုက်စောင့်ကြည့်သတင်းရယူပြီး မူးယစ်ဆေးဝါးသားကောင်ဘဝကျရောက်နေရသည့် မူးယစ်ဆေးစွဲနေသူများကို စည်းရုံးပညာပေးခြင်း၊ နှစ်သိမ့်အားပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများဖြင့် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲကျန်းမာရေး ဆိုးကျိုးဖြစ်သည့်သွေးနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းနှင့်ပတ်သက်သည့်ရောဂါများအပြင် HIV/AIDS ကဲ့သို့သောရောဂါပိုးများ ပျံ့နှံ့မှုအန္တရာယ်လျှော့ချရေးကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးဖြတ်ကုသပြီးလူနာများ၏ လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည်လည်း မူးယစ်ဆေးဝါးပြန်လည်သုံးစွဲမှုမရှိစေရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကို ဆေးစွဲပြီးမှကုသရခြင်းထက် ပညာပေးလုပ်ငန်းများဖြင့် ကြိုတင်ကာကွယ်မှုကို ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် နိုင်ငံတော်၏စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အလွှာအသီးသီးရှိ ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်သိရှိနားလည်စေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့မှ နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အသိပညာပေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကို ပြည်သူလူထုကိုယ်တိုင် ပိုမိုပါဝင်တိုက်ဖျက်လိုစိတ်များ ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား မူးယစ်ဆေးဝါးဥပဒေနှင့် ပတ်သက်သည့် အသိပညာပေးခြင်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

အလားတူကျောင်းသား လူငယ်များသည် အတွေ့အကြုံနုနယ်ပြီး မူးယစ်ဆေးဝါးသားကောင်များအဖြစ် အများဆုံး သိမ်းသွင်းခံရနိုင်သည့် အုပ်စုများဖြစ်သဖြင့် ကြိုတင်ကာကွယ်အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ပြီး ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး အဖွဲ့များအကြား ချိတ်ဆက်၍ လစ်ဟာမှုမရှိအောင် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း။

တားဆီးနှိမ်နင်းရေးကဏ္ဍအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်ရေးအတွက် ပင်ရင်းထိဖော်ထုတ်အရေးယူနိုင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျောင်းများနှင့် လုပ်ငန်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခွင်များတွင်လည်း မူးယစ်ဆေးဝါးကင်းစင်လိုသည့် ဆန္ဒပြင်းပြ၍ သတင်းပေးလာနိုင်စေရေးအတွက် စောင့်ကြည့်အဖွဲ့နှင့် သတင်းပေးကွန်ရက်များ တည်ထောင်ထားရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စတုတ္ထ ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားရာတွင်လည်း စီမံချက်ချမှတ်ခြင်း (Plan)၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Implementation)၊ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring)၊ ပြန်လည် သုံးသပ်အကဲဖြတ်ခြင်း (Evaluation) နှင့် တွေ့ရှိချက်အပေါ် လုပ်ငန်းအစီအမံများ ပြန်လည်ချမှတ်ခြင်း (Revision)တို့ဖြင့် ပြည့်စုံကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဘိန်းစိုက်ပျိုးသည့် တောင်သူများနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားသည့် အမြင်ဖြင့် ရှုမြင်သုံးသပ် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာကို ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေးအမြင်များကို ယှဉ်တွဲပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအချိန်သည် နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ရေရှည်အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ချမှတ်ပေးရမည့်အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များ ချက်ချင်းဆောင်ရွက်ပေးရမည့် အပိုင်းများကို တတိယအဆင့် (Third Wave) အဖြစ် အရှိန်မြှင့်တင်ပြီး ဆောင်ရွက်နေသောကာလဖြစ်သည်နှင့်အညီ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရာတွင်မူးယစ်ဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် အဆင့်ဆင့်သောမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက တာဝန်သိမှု၊ တာဝန်ရှိမှုတို့ဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားကိုရယူ၍ အောင်မြင်အောင်အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဗဟိုအဖွဲ့လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့က သက်ဆိုင်ရာလုပ်ငန်းပိုင်းအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဓာတ်ပုံ-စိုးညွန့်

ဂျေလိဂ်လူငယ်အသင်း ပထမဆုံးနိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၆ အသင်းနှင့် ဂျေလိဂ်လူငယ်အသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ ဂျေလိဂ်လူငယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

MNL လူငယ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲများတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်သာ ရရှိခဲ့သည့် ဂျေလိဂ်လူငယ်အသင်းမှာ မြန်မာနိုင်ငံခြေစမ်းခရီးစဉ်တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ စုစည်းလေ့ကျင့်ချိန်ရက်ပိုင်းသာ ရှိသေးသည့် မြန်မာ ယူ-၁၆ အသင်းမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်းမှသာ ကစားကွက်ပြန်မိကာ ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂျေလိဂ်လူငယ်အသင်းကသာ ပွဲကိုဦးဆောင်ကစားနိုင်ခဲ့ပြီး ၄၁ မိနစ်တွင် အီမာဂျူဘူက ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင်လည်း ဂျေလိဂ်လူငယ်အသင်းကသာ ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ၆၁ မိနစ်တွင် ဟာရာဒါက ဒုတိယဂိုး သွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရပြီး နောက်ပိုင်းမှ မြန်မာယူ-၁၆ အသင်းကစားပုံကောင်းလာပြီး ၇၈ မိနစ်တွင် စိုးမိုးထွန်းက ပြစ်ဒဏ်ဘောမှ ချေပဂိုး ပြန်သွင်းခဲ့သည်။

ဂျေလိဂ်လူငယ်အသင်းသည် ခြေစမ်းပွဲနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီ လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သပြေချောင်းအလကခွဲသို့ နယ်မြေခံတပ်နယ်မှ တပ်ရင်းမိသားစုဝင်များ စုပေါင်း၍ စာသင်ခုံများလှူဒါန်းပွဲကို ဩဂုတ် ၁၉ ရက်ကကျင်းပခဲ့ရာ အဆိုပါလှူဒါန်းသောစာသင်ခုံများဖြင့် ကျောင်းသား ကျောင်းသူများပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။

မောင်လွင်(တပ်ကုန်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရည်အချင်းပြည့်ဝသည့် အားကစားစည်းရုံးရေးအရာရှိများထားရှိကာ မျိုးဆက်သစ်အားကစားသမားများမွေးထုတ်ပေးရေး အရှိန်မြှင့်ဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၁၉

မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အားကစားအခြေခံ တိုးတက်လာစေရေးလုပ်ငန်းများ လုပ်ကိုင်ရန် မြို့နယ်ဦးစီးအရာရှိ တာဝန်ထမ်းဆောင်မည့် သင်တန်းသားများအား လေ့ကျင့်မွေးထုတ်ပေးနေသည့် အားကစားဒီပလိုမာသင်တန်း အမှတ်စဉ်(၁၂)ကို ဩဂုတ် ၁၈ ရက်က အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပခဲ့သည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား မြန်မာ့အားကစားသမားများအပေါ် ထားရှိသည့် ရည်မှန်းချက်နှင့် အားကစားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း

အမေး/အရေး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မေး။ ။ယနေ့ဖွင့်လှစ်တဲ့ အားကစားဒီပလိုမာသင်တန်းရဲ့ ထူးခြားချက်တွေနဲ့ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောပြပေးပါရှင့်။

ဖြေ။ ။အားကစားအပေါ် လူငယ်တွေရဲ့စိတ်ပါဝင်စားမှုက အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်ကျင်းပလိုက်တဲ့အပေါ်မှာ အများကြီးတိုးတက်လာပါတယ်။ အရည်အချင်းပြည့်ဝတဲ့ အားကစားသမားတစ်ဦးဖြစ်လာဖို့ အရင်ဆုံးဝါသနာလိုအပ်သလို ထိထိရောက်ရောက် အားပေးသင်ကြားမြှင့်တင်ပေးဖို့ အများကြီးလိုအပ်ပါတယ်။ အားကစားဒီပလိုမာသင်တန်းရဲ့ ထူးခြားချက်ကတော့ အရည်အချင်းပြည့်ဝတဲ့ အားကစားစည်းရုံးရေးမှူးတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာထားရှိပြီး အားကစားမောင်မယ်တွေ မွေးထုတ်ရာမှာ အထောက်အကူများစွာပြုနိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ကနေ ရပ်ကွက်၊ ကျေးရွာအထိမကျန် အားကစားအဆင့်အတန်း တိုးတက်လာမှ ထူးချွန်ထက်မြက်တဲ့ လက်ရွေးစင်အားကစားသမားတွေ ထွက်ပေါ်လာမှာဖြစ်လို့ မျိုးဆက်သစ်တွေကို စုစည်းမြေတောင်မြှောက်ပေးမယ့် စည်းရုံးရေးအရာရှိတွေကို အရင်ဆုံး မွေးထုတ်ပေးရခြင်းဖြစ်ပါတယ်။

မေး။ ။ယခုသင်တန်းပြီးမြောက်သွားတဲ့အခါ အားကစားဝန်ကြီးဌာနလက်အောက်က ဘယ်လိုတာဝန်ဝတ္တရားတွေကို ထမ်းဆောင်ဖို့ရှိပါသလဲရှင့်။

ဖြေ။ ။အဓိက ကတော့ သွေးသစ်ရွေးချယ်ရေးဖြစ်ပါတယ်။ ဒါ့အပြင် ဒေသအလိုက် အားကစားကွင်းတွေ၊ အားကစားရုံတွေကို ထိန်းသိမ်းပေးခြင်း၊ ဒေသတွင်း အားကစားပြိုင်ပွဲတွေ ကျင်းပပေးခြင်းကနေ ဗဟိုအဆင့်နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်အားကစားသမားတွေ မွေးထုတ်ပေးခြင်းဖြစ်ပြီး စည်းကမ်းကျနတဲ့ အားကစားသမားလက်ရွေးစင်တွေဖြစ်လာဖို့ စိတ်ဓာတ်အရည်အသွေးမြှင့်တင်ရေးတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိမှာ သင်တန်းအမှတ်စဉ် (၁၂)အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်းဦးရေ ၅၆၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး အခုသင်တန်းကိုတော့ ဩဂုတ် ၁၈ ရက်ကနေ နိုဝင်ဘာ ၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမှာပါ။ ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုကို စိတ်ပါဝင်စားပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင်နဲ့ တက်တက်ကြွကြွပါဝင်လာအောင် စည်းရုံးဖို့ တာဝန်ရှိပါတယ်။

မေး။ ။စည်းရုံးရေးမှူးတွေကနေတစ်ဆင့် ရရှိလာမယ့် မျိုးဆက်သစ်အားကစားသမားလောင်းတွေကိုရော ဘယ်လိုအကြံဉာဏ်နဲ့ အသိအမြင်များပေးချင်ပါသလဲ။

ဖြေ။ ။အားကစားကဏ္ဍမှာ မျိုးဆက်သစ်အားကစားသမားတွေ ခါးဆက်ပြတ်သလို ဖြစ်နေခဲ့တာပါ။ လက်ရွေးစင်အချို့ဆိုရင် အနားယူသင့်တဲ့အသက်အပိုင်းအခြားမှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ဆက်လက်ကစားနေရတာတွေရှိခဲ့ပါတယ်။ စနစ်တကျလေ့ကျင့်သင်ကြားမှုကို ဒေသတွင်းအခြေခံကနေ စတင်လာနိုင်ခဲ့မယ်ဆိုရင် အားကစားအဆင့်အတန်း မြင့်မားလာမှာ အသေအချာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေမှုတွေရှိပြီး အားကစားလုပ်ဆောင်ခြင်းဖြင့် ပညာရေးပိုမိုမြင့်မားလာစေရေးနဲ့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူရည်ချွန်အားကစားသမားတွေ ထွက်ပေါ်လာစေဖို့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာလည်း အခြေခံပညာကျောင်းတွေကနေ အဆင့်မြင့်ပညာရေးအထိ သက်တမ်းအလိုက် အားကစားပြိုင်ပွဲတွေ၊ ပုံမှန်လေ့ကျင့်မှုတွေကို ဆောင်ရွက်ပေးနေပြီး မြို့နယ်အလိုက်၊ အခြေခံပညာကျောင်းအလိုက် အားကစားသမားလူရွေးချယ်ပွဲတွေကို ကျင်းပပေးနေပါတယ်။ ဒါ့အပြင် ၁၉၉၇ခုနှစ် ကတည်းက အားကစားနဲ့ ပညာရေးပေါင်းစပ်လေ့ကျင့်ရေးကျောင်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစလို့ ပေါင်းစပ်သင်တန်းများအပြင် သီးသန့်အားကစားလေ့ကျင့်မှုသင်တန်းတွေကို ရန်ကုန်နဲ့ မန္တလေး အားကစားနှင့် ကာယပညာသိပ္ပံတွေမှာ ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ပညာသင်နှစ်သစ်မှာ အားကစားနှင့် ကာယပညာ သိပ္ပံသင်တန်းကျောင်း (မော်လမြိုင်)ကိုလည်း ဇွန် ၉ ရက်ကနေ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်လို့ ပညာရေးမှာရော အားကစားပိုင်းမှာပါ တိုးတက်နေတဲ့ မျိုးဆက်သစ်တွေကို မြင်တွေ့လာရမှာဖြစ်ပါတယ်။

မေး။ ။နိုင်ငံတကာပြိုင်ပွဲတွေကို သွားရောက်ယှဉ်ပြိုင်ရင်း နိုင်ငံ့ဂုဏ်မြှင့်တင်နေတဲ့ အားကစားမောင်မယ်တွေကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဘယ်လိုများ အားပေးညွှန်ကြားထားပါသလဲရှင့်။

ဖြေ။ ။လက်ရှိမှာ ကိုရီးယားမှာရော တရုတ်နိုင်ငံမှာပါ ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်သူတွေရှိပါတယ်။ မကြာမီမှာလည်း ဆီးဂိမ်းအတွက် အကြိုသွားရောက်လေ့ကျင့် ယှဉ်ပြိုင်မှုတွေ စတော့မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကလေးတွေကို အားကစားစိတ်ဓာတ်နဲ့ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ကြဖို့ အားပေးထားပါတယ်။ ကျွန်တော်တို့ မြန်မာ့အားကစားအဆင့်အတန်းက လက်ရှိမှာ အကောင်းဆုံးအခြေအနေကို မရောက်ရှိသေးပါဘူး။ အနိုင်အရှုံးထက် အားကစားစိတ်ဓာတ်၊ အတွေ့အကြုံနဲ့ ကြိုးစားလိုတဲ့စိတ်တွေကို နိုင်ငံတကာပြိုင်ပွဲတွေကနေရယူပြီး မျိုးဆက်သစ်တွေကို ပြန်လည်မျှဝေပါ။ မိမိကိုယ်တိုင်လည်း အားကစားသမားကောင်းတစ်ဦးအဖြစ်ခံယူပြီး ပိုမိုကြိုးပမ်းအားထုတ်ပါလို့ ပြောကြားလိုပါတယ်။

မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

မြန်မာ့မီးရထား လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် AMONA Group of Companies နှင့် China Railways Engineering Cooperation(CREC) ကုမ္ပဏီတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများအား လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါကုမ္ပဏီသည် မြန်မာ့မီးရထားမှ ဆောင်ရွက်လျက်ရှိသော ရထားလမ်းများနှင့် ပြေးဆွဲမှုစနစ်များအဆင့်မြှင့်တင်ခြင်း၊ မြန်နှုန်းမြင့်ရထားပြေးဆွဲခြင်း၊ ဘူတာနှင့် ဘူတာနယ်မြေများ ဘက်စုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းအဆင့်တိုင်းတွင် စနစ်တကျ စိစစ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် Logistics လုပ်ငန်းများ၊ Freight Forwarding လုပ်ငန်းများအပါအဝင် Third-Party Logistics လုပ်ငန်းများအား အကျိုးတူဆောင်ရွက်ခွင့်ရရှိထားသော ကိုရီးယားသမ္မတနိုင်ငံ CJ အုပ်စု၏ ဒုတိယဥက္ကဋ္ဌနှင့် CJ Express ၏ Chief Executive Officer Mr. Lee Chae Wook ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၉

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာသန့်ဇင်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ အမှုထမ်းသင်တန်းသား သင်တန်းသူ ၂၃၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၁ ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဆီဆိုင် ဩဂုတ် ၁၉

ရပ်ရွာသာယာလှပရေးအတွက် ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု နန်းဩကျေးရွာတွင် ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ရွာလုံးကျွတ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စုပေါင်းသန့်ရှင်းရေးကို ကျေးရွာဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်၊ စာသင်ကျောင်းပတ်ဝန်းကျင်၊ ကျေးလက်ကျန်းမာရေးဌာန ပတ်ဝန်းကျင်၊ စာကြည့်တိုက်ပတ်ဝန်းကျင်တို့ရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ဆီဆိုင်-တောင်ကြီး လမ်းမကြီးဘေးဝဲယာရှိ လမ်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ရှမ်းပြည်နယ်လွှတ်တော်ရုံး တောင်ကြီးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် အသုံးပြုရန် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-** ၁၉-၈-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရှမ်းပြည်နယ်လွှတ်တော်ရုံး
စီမံရေးရာဌာန၊ ဖုန်း-၀၈၁-၂၁၂၁၀၆၃

CLAIMS DAY NOTICE
M.V FORTUNE EPOCH VOY :NO(94)

Consignees of cargo carried by M.V FORTUNE EPOCH VOY:NO.(94) are here by notified that the vessel will arrive on about 22-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လူပျောက်ကြော်ငြာ



ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇ လမ်း၊ အမှတ် ၃၅၊ ခြောက်လွှာ(ဝဲ)နေ ဦးအပ္ပဒူဝါဟတ်နှင့် ဒေါ်မော်မော်လွင်တို့၏သမီးထွေး မနွယ်နီအောင်သည် ၁၀-၈-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်မှထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ရှာဖွေဆက်သွယ်၍မရသောကြောင့် အမြန်ဆုံးပြန်လာရန် ကြေညာအပ်ပါသည်။ မိခင်မှ အထူးစိုးရိမ်ပူပန်နေပါသည်။ ဖြားယောင်းသွေးဆောင်ထားသူများကိုလည်း ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးအပ္ပဒူဝါဟတ်

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် ၇/၁၊ ကွင်းအမှတ် မောသီရိတိုးချဲ့ (၂)၊ ဦးပိုင်အမှတ် ၁၂၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိမြေဂရန်မြေကွက်အမည်ပေါက် ဦးခင်မောင်ဝင်း ၃/ဘအန(နိုင်) ၀၁၃၇၂၄၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားပြီး ဂရန်သက်တမ်းတိုးကို တစ်ပြိုင်တည်းလုပ်ဆောင်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဦးခင်မောင်ဝင်း**

ဖခင် အမည်မှန် သာကေတမြို့နယ် ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်း(A)မှ မပန်းအိဖြူ၏ ဖခင်အမည်မှန်မှာ ရှးဟူးအာမိန်း KTW-၁၄၆၉၀၄ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း ကျွန်မ အေးမွန်၏ ပတ်စ်ပို့ M.၈၈၈၈၃၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၅၃၃၆၄၈၇**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၃၂၈၃ Toyota IPSUM ACM 21 ,S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်လဲ့လဲ့စု ၁၂/ဒဂန(နိုင်) ၀၂၂၆၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

မိမိတို့လုပ်ငန်းခွင်နှင့် လက်တွေ့နယ်ပယ်တွင် စနစ်တကျပြန်လည် အသုံးချသွားရန်လို

နေပြည်တော် ဩဂုတ် ၁၉

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ရှိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း သင်တန်းခန်းမ၌ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (Myanmar Industries Association -MIA) နှင့် မလေးရှားနိုင်ငံ Expertise Resource Association (ERA) တို့ပူးပေါင်း၍ စက်ရုံ၊ အလုပ်ရုံများနှင့် ကုမ္ပဏီလုပ်ငန်းများမှ မန်နေဂျာများနှင့် တာဝန်ရှိသူများအား အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်တွေ့လုပ်ဆောင်တတ်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ပေးနေသည့်သင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါသင်တန်းကာလမှာ ရက်သတ္တပတ်သုံးပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက် သင်ကြားလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း သင်တန်းခန်းမ၌ပင် ဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံ ဈေးကွက် ဝန်ဆောင်မှုအသင်း (Myanmar Market Services Association -MMSA) နှင့် နယ်သာလန်နိုင်ငံအခြေစိုက် ESOMAR World Research အဖွဲ့တို့ ပူးပေါင်းပြီး ဖွင့်လှစ်လျက်ရှိသည့် သုတေသနပြုလုပ်ရန် လိုအပ်ချက်များနှင့် သုတေသနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပုံ အဆင့်ဆင့်အား သင်ကြားပေးလျက်ရှိသည့် သင်တန်းကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါသင်တန်းမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၅၅ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းများ၌ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား တွေ့ဆုံမှာကြားရာတွင် သင်တန်းသားများအနေဖြင့် နည်းပြများ သင်ကြားပို့ချပေးသည့် ဘာသာရပ်များကို သေချာစွာလိုက်နာမှတ်သားသင်ယူသွားရန် လိုအပ်သကဲ့သို့ မိမိတို့လုပ်ငန်းခွင်နှင့် လက်တွေ့နယ်ပယ်တွင် စနစ်တကျပြန်လည် အသုံးချသွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အသုံးချသွားနိုင်ပါက မိမိလုပ်ငန်းအတွက်သာမက မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော သင်တန်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ဆိုပြိုင်

မန္တလေး ဩဂုတ် ၁၉

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသား ကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မူလတန်းကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ပြီး အဆိုပါ ကျောင်းများမှ တတိယတန်း၊ စတုတ္ထတန်းကျောင်းသား ကျောင်းသူ ၅၄ ဦးတို့သည် အစီအစဉ်အတိုင်း မိမိတို့မဲကျရာ ကဗျာများကို နံနက် ၁၁ နာရီ ၁၅ မိနစ်အထိ ရွတ်ဆိုပြိုင်ပွဲဝင်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သာစည်-ရွှေညောင် ဆီလုံးရထားတွဲချော်၍ ဓာတ်ဆီများယိုဖိတ်

နေပြည်တော် ဩဂုတ် ၁၉

ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး သာစည်ဘူတာမှ ထွက်ခွာလာသော အမှတ်(၈၀၃) အဆန် သာစည်-ရွှေညောင် ဆီလုံးရထားသည် သာစည်မြို့နယ် ပျဉ်ညောင်ဘူတာနှင့် ရေပူဘူတာကြား မိုင်တိုင်အမှတ်(၃၃၄/ ၁၅-၁၇) အရောက်တွင် တွဲအမှတ် TBPHTV 50513 သည် လမ်းချော်ပြီး ၂၀ ဒီဂရီခန့် တိမ်းစောင်းကာ ၎င်းရထားတွဲ၏ ဆီထုတ်ပေါက်(ရှပ်တိုင်)ကျိုးသွားသဖြင့် ဓာတ်ဆီဂါလန် ၃၈၀၀ ခန့် ယိုဖိတ်ခဲ့သည်။ ရထားတွဲချော်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရထားလမ်းပိုင်းကို ခေတ္တပိတ်ထားပြီး သာစည်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများက ဘီးချော်သည့် ရထားတွဲကို မတင်ခဲ့ရာ ဩဂုတ် ၁၈ ရက် နံနက် ၃ နာရီ ၅၅ မိနစ်တွင်ပြီးစီးခဲ့ကြောင်း သိရသည်။

ကိုရဲ

လမ်းလျှောက်နေသော အမျိုးသမီးထံမှ ဆွဲကြိုးဖြတ်ပြေးသူကို ဝိုင်းဝန်းဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၉

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်တွင် ဩဂုတ် ၁၇ ရက် ညပိုင်းက လမ်းလျှောက်နေသော အမျိုးသမီးထံမှ ဆွဲကြိုးဖြတ်ပြေးသူကို ဝိုင်းဝန်းဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကင်းမြို့နယ်နေ ဒေါ်သန်းသန်းဝင်းသည် ဩဂုတ် ၁၇ ရက် ည ၇ နာရီက ညီမ၊ တူဖြစ်သူတို့နှင့်အတူ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်လာခဲ့ရာ မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်အရောက် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးသည် ဒေါ်သန်းသန်းဝင်း ဝတ်ဆင်ထားသော ရွှေဆွဲကြိုးကို ဆွဲဖြတ်ပြေးခဲ့ကြောင်း၊ ထိုသို့ဆွဲဖြတ်ထွက်ပြေးစဉ် ဒေါ်သန်းသန်းဝင်းက ရွှေဆွဲကြိုးကို ပြန်လည်ဆွဲယူခဲ့ပြီး ပတ်ဝန်းကျင်သို့ အကူအညီတောင်းခဲ့သဖြင့် လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း၊ ဖမ်းဆီးရမိခဲ့ သည့် ဆွဲကြိုးဖြတ်ပြေးသူ အမျိုးသားမှာ လသာမြို့နယ်နေ သန်းထွေး(၂၄ နှစ်) ဖြစ်ကြောင်းသိရပြီး ၎င်းကို အရေးယူပေးရန် ဒေါ်သန်းသန်းဝင်းက တိုင်ကြားသဖြင့် လမ်းမတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရေယာဉ်အဟောင်းများ လွန်းတင်ပြင်ဆင်မှုများပြား

မြိတ် ဩဂုတ် ၁၉

မြစ်ရေများ၍ ငါးဖမ်းရာသီကုန်ဆုံးချိန် (လွန်းတင်ရာသီ)၌ မြိတ်-ကျွဲကူးသင်္ဘောကျင်းတွင် အသစ်တည်ဆောက်ရေယာဉ်များ လျော့နည်းပြီး ရေယာဉ်ဟောင်းများ လွန်းတင်ပြင်ဆင်မှုများပြားလာကြောင်း သိရသည်။

ကျွဲကူးမြေပေါ် လွန်းကျင်းတွင် စက်လှေရောက်ပြီဆိုသည်နှင့် သန့်ရှင်းသပ်ရပ် ကျယ်ပြန့်ခိုင်မာသော မြေငါးဧကခန့်ကျယ်ဝန်းသော မြေပြင်ပေါ်၌ ကွန်ကရစ်ခင်းထားသော လွန်းကျင်းပေါ်တွင် ကျွမ်းကျင်သောအလုပ်သမားများက ခေတ်မီလုပ်ငန်းသုံးကိရိယာများကို အသုံးပြု၍တိုတောင်းသည့် ရက်ပိုင်းအတွင်း ခိုင်ခံ့လှပသစ်လွင်၍ ဂုဏ်ယူဝင့်ကြွားနိုင်သည့် စက်လှေတစ်စင်းအဖြစ်ချက်ချင်းပြောင်းလဲသွားအောင် လွန်းတင်ပြင်ဆင်သည့် စက်လှေ၏ပေအရှည်အသေးစိတ်ပေါ် မူတည်၍ ပြုပြင်စွမ်းဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ယခုနှစ် လွန်းတင်ရာသီမှာ လက်ခံ ဆောင်ရွက်ပေးမှုအနေနဲ့ အသစ်တည်ဆောက်ပေးမှု အပိုင်းအနေနဲ့ ရေယာဉ်ကနည်းတယ်၊ လွန်းတင် စစ်ဆေးပြီးပြုပြင်ရတဲ့ ရေယာဉ်တွေ အရေအတွက်က မနှစ်ကထက် ပိုမိုများပြားလာတယ်။ လွန်းတင် ရာသီအစကနေပြီးတော့ အခုဩဂုတ်လလယ်ထိ နံဘေးပြုပြင်၊ အပေါက်ဖာ၊ ဆေးသုတ်၊ ပျဉ်ပြားလဲလှယ်ခြင်းများ ပြုပြင်သည့် အစင်းရေ ၁၀၀ ရှိပြီး အကြီးစားပြင်ဆင်မှုမှာခြောက်စင်း၊ အသစ်တည်ဆောက်မှုအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ သုံးစီးဆောက်လုပ်ပေးခဲ့ပါတယ်။ ရေယာဉ်အသစ်တည်ဆောက်မှုတွေကို ပုဂ္ဂလိက အပ်နှံမှုတွေပေါ် မူတည်ပြီးပြုပြင်ခဲ့တာပါ။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ရေယာဉ်အသစ်တည်ဆောက်မှုမှာ အစင်းရေပေါင်း ၃၀ ဆောက်လုပ်ခဲ့ပြီး ပြုပြင်မှုအနေနဲ့ အစင်း ၅၀၀ ပြုပြင်ခဲ့ပြီးဖြစ်ပါတယ်။ လှေအသစ်တစ်စင်းတည်ဆောက်မယ်ဆိုရင် လေးလလောက်ကြာမြင့်ပြီး ပြုပြင်မှုအနေနဲ့ဆိုရင် သုံးလေးရက်လောက် ကြာတယ်" ဟု မြေပေါ်လွန်းကျင်းမန်နေဂျာ ကိုရဲ၏ ပြောပြချက်အရ သိရသည်။

(အပေါ်ပုံ)

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လွန်းကျင်းလေးခုနှင့် ကော့သောင်းမြို့တွင်တစ်ခု စုစုပေါင်း မြေပေါ်လွန်းကျင်းလုပ်ငန်းငါးခုရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၄၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၃၈၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၂
ဥရောပ	တစ်ယူရို	၁၃၃၇-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၈၇-၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၂၇၀-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၇၅-၁၇၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၅၀-၁၃၆၅
အာလူး(ရှမ်း)	တစ်ပိဿာ	၂၈၀-၆၈၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၈၀၀-၄၃၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဇော်ဝင်းပြသည်။

ရွှေးချယ်စားသုံးပါ ကင်ဆာကာကွယ်မှာ ဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၉

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကြီးမှူးကျင်းပမည့် "ရွှေးချယ်စားသုံးပါ ကင်ဆာကာကွယ်မှာ" ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်(စနေနေ့)နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ရန်ကုန် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ခန္ဓာကိုယ်သိပ်သည်းဆတိုင်းတာခြင်း (BMI)နှင့် ခန္ဓာကိုယ်အဆီပါဝင်မှု တိုင်းတာခြင်း (Inner Scan)၊ သွေးချိုစစ်ဆေးခြင်း (Blood Sugar) နှင့် သွေးတွင်းအဆီတိုင်းတာခြင်း (၁၀ ရာခိုင်နှုန်းလျှော့ကူပွန်များပေးအပ်ခြင်း)တို့ကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း ဖုန်း- ၀၉-၇၃၁၅၄၉၇၄၊ အီးမေးလ်- htun-rose@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အသားတိုးကြက်၊ ဝက်၊ နွားများ တိုးချဲ့မွေးမြူခြင်းဖြင့် ဝင်ငွေတိုးလာမည်
ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ဒေသခံလူထုကပါ တက်ညီလက်ညီပူးပေါင်းပါဝင်

နေပြည်တော် ဩဂုတ် ၁၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဝက်ဝံ-တောင်ခမ်းလမ်းပေါ်ရှိ တောင်ခမ်းမွေးမြူရေးခြံ၌ ဌာနဆိုင်ရာဝန်ထမ်းများ ကြိမ်ဂနိုင်ကျေးရွာအုပ်စု၊ လွန်းကျော်ကျေးရွာအုပ်စုနှင့် သရက်ကုန်းကျေးရွာအုပ်စုများမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့ ဝန်ကြီးဌာန၏ မူဝါဒတစ်ခုဖြစ်သည့် စားနပ်ရိက္ခာဖူလုံပြည့်ဝစေရေးအတွက် မိမိတို့ သက်ဆိုင်ရာဒေသအတွင်းရှိ လူတစ်ဦးချင်းစီ၏ အသားစားသုံးမှုပမာဏအား တွက်ချက်၍ လိုအပ်သည့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့နိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အသားတိုးကြက်၊ အသားတိုးဝက်များအပြင် အသားတိုးနွားများလည်း တိုးချဲ့မွေးမြူသွားခြင်းဖြင့် အသားစားသုံးမှုများ ပိုလျှံလာပြီး ပြည်ပသို့တင်ပို့နိုင်ကာ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်၍ နွားပေါက်များအား ဝယ်ယူဖြန့်ဖြူးသွားကြရန် လိုအပ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မျက်မြင်သိရှိဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက် ရှိရာတွင် **"ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်အံ့"** ဆိုသည့်အတိုင်း ဒေသခံကျေးရွာ ပြည်သူလူထုကပါ တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အာဟာရဖူလုံမှုတစ္စာ စားသုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင် ဉာဏ်ရည်မြင့်မားပြီး ပညာတတ်လူငယ်၊ လူရွယ်များ များစွာပေါ်ထွက်လာကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမို၍ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အာဟာရမျှတစွာ စားသုံးနိုင်ရေးနှင့် တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိရေးအတွက် အသားတိုးနွားများ တိုးချဲ့မွေးမြူသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အရင်းမပျောက်လည်ပတ်မတည်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများအပြင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍လူထုအခြေပြုစီးပွားရေးစီမံကိန်း (CDD Project) များအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်ရက်တစ်မနက်တည်းဆောင်ရွက်၍မရဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် ကျေးလက်လူငယ်များဖွဲ့စည်း၍ ၄င်းတို့မှတစ်ဆင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ရေရှည်ပူးပေါင်းပါဝင်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားပြီး ကြိမ်ဂနိုင်၊ လွန်းကျော်၊ သရက်ကုန်းကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာဆောင်ရွက်သွားနိုင်ရေး ကြိမ်ဂနိုင်ကျေးရွာအတွင်း သောက်ရေတွင်းတူးဖော်နိုင်ရေးနှင့် ယဉ်ကျေးလိမ္မာစာအုပ်စာပေများ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေး၊ ဆင်လမ်းစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အဆင့်မြှင့်တင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးခြံအတွင်း နွားစားမြက်၊ နေပီယာမြက်မျိုးများ ထွန်ယက်စိုက်ပျိုးနေမှုများနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်မည့် အသားတိုးကြက်မွေးမြူရေးခြံများ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခြေမြစ်ပင် မွေးမြူရေးခြံ၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် စက်ယန္တရားများဖြင့် မြေပြုပြင်ပြီး နေပီယာမြက်မျိုးများ တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး အကျဉ်းထောင်များစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်ဟန်သည် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်နှင့်အတူ ဩဂုတ် ၁၂ ရက်နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး အကျဉ်းထောင်၊ ထီးခမ်းနှင့်ဘန်းကန် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများသို့ သွားရောက်စစ်ဆေးသည်။ ဩဂုတ် ၁၄ ရက်တွင် ကျိုင်းတုံအကျဉ်းထောင် အိပ်ဆောင်များ၊ စားဖိုဆောင်နှင့် ဆေးရုံအဆောင်၊ အကျဉ်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ဥပဒေပါ အခွင့်အရေးများရရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၇ ရက် ဇေယျာသီရိမြို့နယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိ နားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောပွဲများကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်က မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းစင်ရေးတို့ကို ဟောပြောစဉ်။
ကိုကိုရှုပ

**အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်
စိုက်ပျိုးကြ**

အမည်ပြောင်း

ဦးကျော်အေးကြိုင် DGN-၀၀၈၉၈၈ ၏သမီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံဟိုက်စကူး ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မပြည့်ဝန်းပိုအား မမိုးကြယ်ဖြူဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မမိုးကြယ်ဖြူဟန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များကုမ္ပဏီမှ ID No. 715408(15-05-14)ဖြင့်တင်သွင်းလာသော Toyota Landcruiser Prado 2000 Model ကား၏အကောက်ခွန်ဦးစီးဌာနမှ ကညနသို့ပေးပို့သည့် အိတ်ပိတ်စာမှာ သီလဝါဆိပ်ကမ်းမှ၂၀-၆-၂၀၁၄ရက်တွင် ကုမ္ပဏီသို့ မော်တော်ကားထုတ်ယူ ပို့ဆောင်ရင်းလမ်းခရီးတွင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

(ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၂၅၄၁၂၆၀၈၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	အရာရှိစားပွဲ	၁၀ လုံး
(ခ)	လက်တင်ပါကုလားထိုင်	၁၀ လုံး
(ဂ)	စာရေးစားပွဲ	၁၅ လုံး
(ဃ)	လက်တင်မဲ့ကုလားထိုင်	၁၅ လုံး
(င)	သံဗီရို	၂၀ လုံး
(စ)	စာတွဲစင်ကြီး	၂၀ လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် ၂၂၊ ဖုန်း-၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄၊ ၀၆၇-၄၀၄၂၀၉ တို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မုံတဝဂူလမ်း၊ ၀တ/၁၄၂၊ ဝါးပြားတောင်ရွာနေ ဦးတင်ဦး(ခ) ဦးပြား-ဒေါ်မအောင် တို့၏သား စိုင်းဇော်ထွန်း ၁၃/တကန(နိုင်)၁၃၂၅၉၁ သည် မိဘ၏ ပြောဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘကို အမျိုးမျိုးဒုက္ခပေးပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ဦး-ဒေါ်မအောင်

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စက္ကူ၊ မင်၊ ပလိပ်နှင့်ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူ၊ မင်၊ ပလိပ်နှင့်ပုံနှိပ်ရေး ပစ္စည်းများကို နိုင်ငံခြားသုံးငွေ/ပြည်တွင်း(ကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

1. Woodfree Paper(28¼",40")
2. Art Card(210gsm)31"x43"(500Sht/Pkt)
3. Ink(Green,Yellow,Magenta,Cyan)
4. Negative Plate (၃)မျိုး
5. Positive Plate (၁)မျိုး
6. ATM ကော်(ပြည်တွင်း ကျပ်ငွေ)

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၈-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံထုတ်ယူရန်နေရာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1083 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ MCC ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာဦးအောင်စံပယ်ပန်းကုံး၊ သိဒ္ဓိတင်ပန်းကုံးများချီးမြှင့်ပေးပါသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာဦးလက်စွပ်ဆင်မြန်းပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင်ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး၊ မင်္ဂလာဦးဆွဲကြိုးဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီ၊ INDIA နိုင်ငံ Tirupathi Balaji ဘုရားကျောင်းတော်မှ ပေးပို့သော မင်္ဂလာသိဒ္ဓိတင်ခြုံလွှာကိုချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ အမှတ်တရ ပန်းစည်းများပေးအပ်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Gautam Mukhopadhyay တို့အားလည်းကောင်း၊ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်မေလတ်အားလည်းကောင်း၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အမေရိကန်၊ တရုတ်(တိုင်ပေ)နိုင်ငံတို့မှ ရောက်ရှိလာသောဧည့်သည်တော်ကြီးများအားလည်းကောင်း၊ နယ်အသီးသီးမှ ကြွရောက်လာကြသော မိတ်ဆွေများအားလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အန္ဓရာဟိန္ဒူအဖွဲ့ချုပ်၊ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ဟိန္ဒူဆီမီးငါးထောင်ပူဇော်ရေးအဖွဲ့၊ နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများနှင့်ဧည့်သည်တော်များ၊ မင်္ဂလာညစာစားပွဲတွင် အထမြောက်အောင်မြင်ရေး၊ မင်္ဂလာဧည့်ခံပွဲဧည့်ခံကျွေးမွေးရေးကူညီဆောင်ရွက်ပေးကြပါသော အပေါင်းအပါ မိတ်ဆွေများအားလုံးကိုလည်းကောင်း၊ ရှုထောင့်ပေါင်းစုံမှ ပါဝင်ကူညီ အားဖြည့်ပေးကြသော ညီအစ်ကိုအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူအပေါင်းတို့အား ဂါရဝတရားရှေ့ထား၍ နွေးထွေးလှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မေတ္တာရပ်ခံတောင်းပန်လွှာ

အထက်ပါမင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မိမိကိုယ်ပိုင်အချိန်များပေးဆောင်ကာ သည်းထန်စွာရွာသွန်းသည့် မိုးထဲလေထဲကြားမှ စေတနာမေတ္တာကြီးမားစွာဖြင့် ကြွရောက်ချီးမြှင့်ပေးတော်မူလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အိန္ဒိယသံအမတ်ကြီးနှင့် သံရုံးသံတမန်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နှစ်ဖက်သောမိတ်သင်္ဂဟများနှင့် မင်္ဂလာဧည့်ပရိသတ် အပေါင်းတို့အား မိမိတို့ဘက်မှ ကြိုဆိုရေးနှင့် ဧည့်ခံကျွေးမွေးမှုအပိုင်းတို့တွင် တစ်စုံတစ်ရာ လိုအပ်ချက်များရှိခဲ့ပါက မေတ္တာတရားရှေ့ထားပြီး ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ် ဦးညွတ်ကန်တော့လျက် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာစန်းမောင်(ခ)K.Umesh Kumar နှင့် **မချိုချိုသိန်း(ခ)Jaishree@Gahana**
M.B.,B.S (Ygn) **BBA (Osmania University) Hyderabad**

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြမည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ - ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ
CONDOMINIUM တစ်ခန်း
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
(3)ကာရက်ရှိ
စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1300 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4330 - 5400 Sqft
စိတ်ဝင်စားသည့် ဧည့်သည်တော်များအားလုံးကိုလာရောက်
လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်။
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

စတ်ပိုးဒဏ်ခံနိုင်ပြီး ဆေးဖျန်းစရိတ်ကုန်ကျမှုနည်းပါးသော ရွှေတောင်(၈)မျိုးသန့် ချည်မျှင်ရှည်ဝါ တောင်သူများပိုမိုစိုက်ပျိုးလာ

စစ်ကိုင်း ဩဂုတ် ၁၉

စစ်ကိုင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်သူများအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်များထုတ်လုပ်၍ ဖြန့်ဖြူးပေးလျက်ရှိရာ ပိုးမွှားဒဏ်ခံနိုင်သော အရည်အသွေးကောင်းပြီး ဗီဇကောင်း ရွှေတောင်(၈)ချည်မျှင်ရှည်ဝါမျိုး မျိုးသန့်များကို စစ်ကိုင်းမြို့နယ် တအိမ်တည်းကျေးရွာ ၂၀၁၄ -၂၀၁၅ ခုနှစ် မိုးကြို ရာသီမှစတင်၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာသည်ကို တွေ့ရသည်။

ယခုနှစ် မိုးကြိုဧကလျာထားချက် ကျော်လွန်အောင် စိုက်ပျိုးခဲ့သည့် ရွှေတောင်(၈)ဝါမျိုးကို တောင်သူများ အားရကျေနပ်လျက်ရှိပြီး ပတ်ဝန်းကျင်ရှိကျေးရွာမှ တောင်သူများကပါ အားကျသဖြင့် ရွှေတောင်(၈)ဝါမျိုးကို စိုက်ပျိုးလိုသူ များပြားလာသည်ကို တွေ့ရသည်။ ယခုလက်ရှိအောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုရွှေတောင်(၈) ဝါမျိုးမှာ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်မျိုးသန့်ခြံမှ ထုတ်လုပ်ထားသော မျိုးဖြစ်သည်ဟု သိရသည်။

တအိမ်တည်းကျေးရွာရှိ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော မိုးကြိုရေသွင်း၊ ရွှေတောင်(၈)စံပြကွက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စုတွင် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ ၅၈၃ဧက စိုက်ပျိုးထားပြီး ငွေချည် (၆)ချည်မျှင်ရှည်ဝါကို ကျေးရွာအုပ်စု ၃၈ အုပ်စုတွင် ၁၇၇၁၇ ဧက စိုက်ပျိုးထားသည်။ တအိမ်တည်းကျေးရွာမှ မိုးကြိုချည်မျှင်ရှည် စံပြကွက်စိုက်ပျိုးထားသူ တောင်သူဦးမြသင်း၏ ရွှေတောင်(၈)ဝါစိုက်ခင်းမှ အထွက်နှုန်းခန့်မှန်းတိုင်းတာချက်အရ တစ်ဧက ၁၂၃၄ ပိဿာနှုန်းထွက်ရှိမည်ဖြစ်ပြီး ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် ရောင်းချနေကြောင်း သိရသည်။

ရွှေတောင်(၈) ချည်မျှင်ရှည်ဝါများမှာ ငွေချည်(၆)ဝါမျိုးထက် စုတ်ပိုးဒဏ်ပိုမိုခံနိုင်ရည်ရှိ၍ ဆေးဖျန်းစရိတ်ဆေးဖိုးများ ကုန်ကျမှုနည်းပါးသဖြင့် တောင်သူများအတွက် ပိုမိုတွက်ခြေကိုက်သည်ကို တွေ့ရှိရ၍ လာမည့်စိုက်ပျိုးရာသီတွင် ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများကို ဝါအထွက်နှုန်းတိုးတက်ရေး အပင်ပြုစုမှုလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဝါစိုက်စရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ခြောက်လကြာ ထုတ်ချေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ချေးငွေ သိန်းပေါင်း ငွေကျပ် ၁၀၄၀ ထုတ်ချေးပေးခဲ့ပြီး တောင်သူများက အပြေအလည်ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် သိန်းပေါင်း ၁၀၇၆ ဒသမ ၂ သိန်း ထုတ်ချေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေးပန္နက်တင်

မြောင်းမြ ဩဂုတ် ၁၉

မြောင်းမြမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်းကို လဝန်းသစ္စာကုမ္ပဏီက တာဝန်ယူ တည်ဆောက်မည်ဖြစ်ကြောင်းသိရပြီး လူနေဆိုင်ခန်းများနှင့် ပွဲရုံတန်းများအပါအဝင် ဈေးဆိုင်ခန်းများ၊ အဝေးပြေးကားဂိတ်များ၊ ကားဝပ်ရှော့၊ အများသုံးသန့်စင်ခန်းများ၊ ခရီးသည်နားနေဆောင်၊ စားသောက်ဆိုင်ခန်းနှင့် မီးသတ်ရေကန်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့အဝေးပြေး ယာဉ်ရပ်နားစခန်းတည်ဆောက်မှုကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းအောင်နှင့် လဝန်းသစ္စာကုမ္ပဏီမှ တာဝန်ရှိသူတို့က အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်မှုအတွက် ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီက ပန္နက်တင်ပေးပြီး ယာဉ်ရပ်နားစခန်းတည်ဆောက်မည့်မြေနေရာ မူလပိုင်ရှင်များဖြစ်သော ဦးအက်စ်ဂိုးဒင်းအပါအဝင် ခြောက်ဦးအတွက် နစ်နာကြေးလျော်ကြေး ငွေကျပ် ၂၁၄ သိန်းလေးသောင်း ခြောက်ထောင်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစီးပွားရေး အောင်မြင်ဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရေး၊ ဒေသခံပြည်သူများအလုပ်အကိုင်များရရှိကာ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် အဝေးပြေး ယာဉ်ရပ်နားစခန်းကို ငွေကျပ် သန်းပေါင်း ၃၀၀၀ ရင်းနှီးမြှုပ်နှံကာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်အပ်နှံသွားမည် ဖြစ်ကြောင်းသိရှိရပြီး ယာဉ်ရပ်နားစခန်းကြောင့် ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အောင်မင်း(iprd)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ဆွေးနွေး

ဘီးလင်း ဩဂုတ် ၁၉

သထုံခရိုင် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ကျင်းပရာ သထုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်တို့က တတိယအဆင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်တရားသူကြီး ဦးလှငွေ၊ မြို့နယ်ဥပဒေအရာရှိ ဦးချမ်းသာတို့က မှုခင်းများနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့၏လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလွင်မော်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်တို့က ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး နီနီဦးကမှုခင်းမှတ်တမ်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဓမ္မစကူးလ် ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်

လက်ပံတန်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ဘုရားငါးဆူစာသင်တိုက်တွင် ဩဂုတ် ၁၅ ရက်နံနက် ၉ နာရီက စတုတ္ထအကြိမ် ဓမ္မစကူးလ်ဆင့်ပွားဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပရာ ဘုရားငါးဆူကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝရသာမိက ဩဝါဒကထာ မိန့်ကြား၍ မြို့နယ်အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္က၊ အတွင်းရေးမှူးအရှင်ဂုဏသာမိ၊ သင်တန်းတာဝန်ခံအရှင် စန္ဒောဘာသတို့က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းမိန့်ကြားကာ သင်တန်းနည်းပြဆရာမ ဒေါ်သန္တာစိုးနှင့် ဆရာဆရာမများက စတင်၍ သင်ကြားကြသည်။ အဆိုပါ သင်တန်းသို့ သံဃာတော်များ သီလရှင်ဆရာလေးများအပါအဝင် သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၈)**

နံရံကပ်စာပေရေချမ်းစင်အိတ်များတွင် စာစဉ်များဖြည့်

ဖြူး ဩဂုတ် ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် နံရံကပ်စာပေရေချမ်းစင်အိတ်များကို ဖြူးမြို့နယ်အတွင်း အများပြည်သူ နေ့စဉ်လှုပ်ရှားသွားလာနေကြသော ဘူတာရုံ၊ ဘဏ်၊ တရားရုံး၊ စာသင်ကျောင်း စသည့်နေရာ ၂၀ တွင် ဆောင်ရွက်ထားရှိသည်။ အဆိုပါ စာပေရေချမ်းစင်အိတ်များတွင် လစဉ်စာအုပ်သစ်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်တွင် စာစဉ်များ လိုက်လံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၉-၁၁)၊ ဦးပိုင်အမှတ် ၃၈၊ ၄၉×၅၀ လမ်းကြား၊ ၈ကျွဲ×အောင်ဆန်းလမ်းကြားရှိ တကကကြူဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးထွန်းရွှေ ၁၃/တယန(နိုင်)၀၂၂၂၀၈မှ မြို့ကွက်သစ်ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၉-၁၃)၊ ဦးပိုင်အမှတ်(၁၄)၊ ၄၇×၄၈လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ၈ကျွဲလမ်းကြားရှိ ဦးစံသိန်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးထွန်းထွန်းဦး ၉/မရတ(နိုင်)၀၀၁၉၈၇ မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၃၈၊ ဦးပိုင်အမှတ် ၁၅၊ ၅၅×၅၆လမ်းကြား၊ ဗညားဒလ×ရန်နိုင်လမ်းကြားရှိ ဦးအုန်းရွှေအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအုန်းရွှေ ၉/မနတ(နိုင်)၀၇၃၅၀၄မှ မြေစလစ်မှုရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ မြေစလစ်မူရင်း ခွဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၂)၊ ဦးပိုင်အမှတ် ၁၀၅၊ ၆၀×၆၁ လမ်းကြား၊ စိန်ပန်း×မနော်ဟရီလမ်းကြားရှိ ဒေါ်ခင်ဝိုင်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ညီညီဝင်း ၉/မရမ(နိုင်)၀၄၅၇၉၆မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဥယျာဉ်တန်း-ခ၊ ဦးပိုင်အမှတ်(၃၂)၊ ၃၆×၃၇ လမ်းကြား၊ ၆၅×၆၆ ကြားရှိ ဦးညွန့်ဝေ၊ ဒေါ်ညိုစိန်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဂျမာတူးမိုင် ၁/မညန(နိုင်) ၀၀၀၅၂၆ နှင့် ဒေါ်ခေါ်ခါန်ဆန် ၁၃/ကခန(နိုင်)၀၅၇၆၃၀၀တို့မှ မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေပုံရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၃)၊ ဦးပိုင်အမှတ်(၈၀)၊ ၄၁×၄၂ လမ်းကြား၊ ၆၀×၆၁ကြားရှိ ဒေါ်လီရီကြိမ် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ယဉ်ယဉ် ၉/မရမ(နိုင်)၀၈၅၄၁၈မှ မြေကွက်ဖိုးဒဏ်ကြေးပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၅၃၊ ဦးပိုင်အမှတ် ၆၊ ၅၃×၅၄လမ်းကြား၊ သမိန်ဗရမ်း×ဗညားဒလလမ်းကြားရှိ ဦးသိန်းနိုင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်မိမော် ၉/မနတ(နိုင်)၀၂၈၉၅၈မှ မြေစလစ်မူရင်းပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြေစလစ်မူရင်းခွဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၀)၊ ဦးပိုင်အမှတ် ၇၂၊ ၅၆×၅၇ လမ်းကြား၊ ဗန္ဓုလ×အေးမေတ္တာလမ်းကြားရှိ ဦးရဲထွန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစုနု(ခ)အောင်မိုး ၁၃/နမတ(နိုင်)၀၀၅၃၇၈မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၈၉-၃၊ ဦးပိုင်အမှတ် ၈၇၊ ၅၇×၅၈ကြား၊ အောင်ဆန်း×၈ကျွဲကြားရှိ ဦးကျော်ညွန့်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးဖြိုး ၅/ဝလန(နိုင်)၀၄၉၁၁၇မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တွန်းဇံမြို့နယ်၌ စွန့်လွှတ်လယ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

တွန်းဇံ ဩဂုတ် ၁၉

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဆွောင်းပက်ကျေးရွာအုပ်စု ခုမ်နွဲကျေးရွာတွင် သစ်တောကြိုးပြင်ကာကွယ်တောမှအပ ထုတ်ပယ်ဖျက်ပြီးသော လယ်မြေများအား မူလပိုင်ရှင်တောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၈ ရက်က အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးနှင့် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်သိန်းတို့က လယ်မြေ ၆၃ ဧကကို မူလပိုင်ရှင်တောင်သူ ၁၉ ဦးထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သီဟာသနကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ရန် တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံပုံတူစွယ်တော်ပွား (မြဝတီ)စေတီတော်ပရိဝုဏ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့ ဦးဆောင်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၁၆ ရက်က သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ထိန်လင်းအောင်

ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုခြင်းကြောင့် စရိတ်သက်သာသဖြင့် တောင်သူများ အကြိုက်တွေ့

ညောင်ဦး ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်မြစ်ရေတင်တွင် နှမ်းစပါးများကို မတ်လမှ စတင်စိုက်ပျိုးထားခဲ့ရာ ယခုနှစ်တွင် ရိုက်ခါစနစ်ကိုအသုံးမပြုဘဲ ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုမှု များပြားလာကြောင်း တောင်သူများထံမှ သိရသည်။

ယခင်က စပါးများကို အလုပ်သမားများနှင့် ရိတ်သိမ်းကြရာတွင် တစ်ဧကရိတ်ခအပြင် အလုပ်သမားအား ကျွေးမွေးစရိတ်များပါ ကုန်ကျပြီး တစ်ဧကလျှင် ငွေကျပ်တစ်သိန်းကျော်ကုန်ကျခဲ့ကြောင်း၊ ယခုကဲ့သို့ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပါက တစ်ဧကလျှင် ငွေကျပ် ခြောက်သောင်းဝန်းကျင်သာ ကုန်ကျတော့ကြောင်း တောင်သူများက ပြောသည်။

သရက်ကုန်းကျေးရွာမှ စပါးစိုက်တောင်သူ ဦးအောင်နေက "အခုရိတ်သိမ်းတာက နှမ်းစပါး မနောသုခနဲ့ ဆင်းသုခဖြစ်ပါတယ်။ ရိတ်ခြွေစက်ကို စတင်အသုံးပြုနေပါတယ်။ လုပ်ငန်းအလွန်တွင်ကျယ်ပြီး မိုးမိမှာလည်း မစိုးရိမ်ရတော့ပါဘူး။ ရှေ့က ရိတ်ပြီး နောက်ကစပါးအစေ့ တိုက်ရိုက်ထွက်ပါတယ်။ တစ်နေ့ကို သုံးဧကကနေ လေးဧကအထိ ပြီးစီးပါတယ်။ ရိတ်ခြွေစက်နဲ့ တစ်ဧကစရိတ်က ငွေကျပ်ခြောက်သောင်းသာ ကုန်ကျပါတယ်"ဟု ပြောသည်။

ထိုသို့ လက်ပံခြေပေါ်မြစ်ရေတင်တောင်သူများက နှမ်းစပါးကို ရိတ်သိမ်းလျက်ရှိရာ "ကျွန်တော်တို့က အရင်တုန်းကဆိုရင် လူငှားရိတ်ရတာ မိုးမိမှာစိုးရတယ်။ နောက်မိုးစပါးစိုက်ဖို့အတွက် ထွန်ရေးပြင်ချင်ပေမယ့် နှမ်းစပါးက ရိတ်မပြီးသေးနဲ့ တောင်သူတွေ မိုးစပါးစိုက်တာ အတော်နောက်ကျတယ်။ လူလည်းပင်ပန်းတယ်။ နွားတွေလည်း ပင်ပန်းတယ်။ စပါးရိတ်ဖို့ အလုပ်သမားခေါ်ရတာလည်း အလုပ်သမားရှားတယ်။ ရိတ်ပြီးတော့ ရိုက်ခြွေနေတာလည်း အတော်ကြာတယ်။ အခုလို ရိတ်ခြွေစက်တွေပေါ်လာတော့ တောင်သူလယ်သမားတွေ စိတ်ချမ်းသာတယ်။ ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်းလောက် မိုးစပါးကို ခြွေပြီးစိုက်မယ်ဆိုရင် မိုးစပါးပြီးရင် ကုလားပဲစိုက်လို့ရတယ်။ ပြောင်းဖူးလည်းစိုက်လို့ရတယ်။ အဲဒီလိုပြီးရင် နှမ်းစပါး စိုက်လို့ရတယ်။ ပဲတီစိမ်းစိုက်လို့လည်း ရတယ်။ ဘာသီးနှံစိုက်စိုက် သုံးသီးစိုက်လို့ရတယ်။ မြစ်ရေတင်က ရေလည်း အဆင်ပြေမယ်ဆိုရင်ပေါ့။ တစ်နှစ်ကို သုံးသီးစားရအောင်စိုက်နိုင်လာရင် တောင်သူတွေမှာ အဆင်ပြေလာနိုင်တယ်"ဟု ရွာသစ်ကုန်းရွာမှ ဦးအောင်ရှင်းက ဆိုသည်။

ညောင်ဦးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ နှမ်းစပါးစိုက်ဧက နည်းပါးခဲ့ကြောင်းနှင့် စိုက်ဧကနည်းပါးသော်လည်း ယခုနှစ်နှမ်းစပါးများသည် တစ်ဧကလျှင် တင်းကိုးဆယ်၊ တင်းတစ်ရာ ထွက်သဖြင့် တစ်ဧကထွက်နှုန်း ယခင်နှစ်ကထက် ပိုထွက်သည်ဟု သိရှိရသည်။

ကျော်ဌေး(ညောင်ဦး)

စစ်ကိုင်းမြို့ နှစ် ၇၀၀ ပြည့်အကြို ကျပန်းစကားပြောနှင့် စကားရည်လုပွဲကျင်းပ

စစ်ကိုင်း ဩဂုတ် ၁၉

စစ်ကိုင်း မြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်အကြိုအထိမ်းအမှတ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲကို ဩဂုတ် ၁၆ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့မိမြို့ဖ ဂုဏ်ထူးဆောင်နာယကကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားသည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများကို ကျင်းပပြီး တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ ဆရာမကြီးများက အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ မြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

ကျွန်းလှ ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး သက်ကြီးအဘိုးအဘွားများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှုကြိုကျောင်းတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘိုးဘွားများ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းဆေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဘိုးဘွား ၄၀ ကျော်အား မြို့နယ်ကျန်းမာရေးဦးစီးဌာနက တစ်လတွင် သုံးပတ်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနက တစ်လတွင် နောက်ဆုံးတစ်ပတ်စီ အလှည့်ကျကျန်းမာရေးစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၈၃၊ ဦးပိုင်အမှတ် ၅၆၊ ၇၃×၇၄ ကြား ၃၅×၃၆လမ်းကြားရှိ ဦးဘလအမည်ပေါက် ဘိုးဘမြေကွက်အား ဦးဘလသည် ဒေါ်စောရတီနှင့်အိမ်ထောင်ပြု၍ (သား) ဦးအောင်ကိုမွေးဖွားခဲ့ပါသည်။ ဦးအောင်သည် ဒေါ်ကြည်နှင့်အိမ်ထောင်ပြု၍ ဦးခင်မောင်၊ ဦးကျော်ညွန့် သားနှစ်ဦးကို မွေးဖွားခဲ့ပါသည်။ ဦးဘလ၊ ဒေါ်စောရတီ၊ ဦးအောင်(ဇနီး) ဒေါ်ကြည်၊ (သား) ဦးကျော်ညွန့် (လူပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၃၁၆/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးခင်မောင် ၉/မရတ(နိုင်)၀၇၀၄၉၃ မှ အမှုတွဲအမှတ် ၀၂၃၆/ဘ(ပြောင်း)/၂၀၁၄-၂၀၁၅ ဖြင့် ဘ/ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၆၈၂၊ ဦးပိုင်အမှတ် ၇၃၊ ၇၃လမ်း×၇၄ လမ်းကြား၊ ၃၄လမ်း×၃၅ လမ်းကြားရှိ နာသန်(ခေါ်)ပူနော်စန်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးနာသန်(ခ)ဦးပူနော်စန်၊ မိခင် ဒေါ်သူ(သား) ဦးမြမောင်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၁/၂၀၀၁)ဖြင့် (ဦးမြမောင်)ကွယ်လွန်၍၏ဇနီး ဒေါ်ခင်စန်းတင့်၊ ဒေါ်မွတ္တားဘာလာတို့မှ အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံခဲ့သူ ဒေါ်မွတ္တားဘာလာ(အပျိုကြီး)ဘဝဖြင့်ကွယ်လွန်၍ ဒေါ်ခင်စန်းတင့်ကျန်ရစ်ခဲ့ပြီး (မိခင် ဒေါ်ခင်စန်းတင့်)ကွယ်လွန်သွားသောအခါ (သား)ကိုဇော်ဝင်း၊ ကိုသန်းထွန်းတို့နှစ်ဦး ကျန်ရှိခဲ့ပါသည်။ ညီအစ်ကိုနှစ်ဦးအနက် ဦးသန်းထွန်း(လူပျိုကြီး)ဘဝဖြင့်ကွယ်လွန်၍ ဦးဇော်ဝင်းကျန်ရစ်ခဲ့ပြီး ဇနီး ဒေါ်လှလှသန်းနှင့် အိမ်ထောင်ပြုခဲ့ပါသည်။ ခင်ပွန်းဦးဇော်ဝင်းကွယ်လွန်၍ ကျန်ရစ်သောဇနီး ဒေါ်လှလှသန်း ၉/မရတ(နိုင်)၁၂၀၉၆၈ မှ ဦးပိုင် ၇၃(ခဲစင်း) မြေကွက်အား ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် ခဲစင်းပြအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ၅၈×၅၉ ကြား၊ စံပြ×သခင်ဖိုးလှကြီးလမ်းကြားရှိ ဦးပိုင်အမှတ်(၃၆)၊ ဦးကျော်အေးအမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ဦးပိုင်အမှတ်(၃၇)၊ ဦးသာဗျောအမည်ဖြင့် ချထားပေးသော မြေကွက်တို့အား ဒေါ်အေးရီ ၁၃/သပန(နိုင်)၀၀၁၂၉၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/က)၊ ဦးပိုင်အမှတ်(၁၂/၁+၁၂/၂)၊ လမ်း ၆၀×၆၂ကြား၊ ၃၀×၃၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော M.B.O.A မြန်မာပြည် ဗုဒ္ဓဘာသာသာသနာပြု မိဘမဲ့ကလေးများစောင့်ရှောက်ရေးအသင်း၏ ဂရန်မူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၁)၊ ဦးပိုင်အမှတ်(၄၈)၊ ၆၅လမ်း၊ ၄၀×၄၁လမ်းကြားရှိ ဦးဝင်းနေအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးအောင်နိုင်ထွေး ၁၃/ကမန(နိုင်)၀၂၅၁၅၉ နှင့် ဒေါ်ယဉ်ယဉ်ခိုင်(ခ)ချွန်ဂိုလန် ၁၃/ကမန(နိုင်)၀၆၉၄၆၀ မှ မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၉၆၇၂၆ Tohen 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၉/မရတ(နိုင်)၀၆၄၁၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၃၉၁၄ Yamaha 125 RDT ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၉/မခန(နိုင်)၀၂၈၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၃)၊ ဦးပိုင်အမှတ် ၄၁(ခဲစင်း)၊ ၇၃×၇၄ကြား၊ ၃၅×၃၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မမလိကာ(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ မောင်များဖြစ်သော ဦးကျော်ညွန့်နှင့် ဦးလှမောင်တို့အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်ညွန့်သည် ဒေါ်မော်ဒန်လက်ချမ်းနှင့် အိမ်ထောင်ပြု၍ ဦးစိုးဝင်းနိုင်နှင့် ဒေါ်တင်မိုးမိုးလှိုင်တို့ကို မွေးဖွားပြီး ဦးလှမောင်သည် ဒေါ်ခင်စိန်နှင့် အိမ်ထောင်ပြု၍ ဦးဝင်းမြင့်နှင့် ဦးထွန်းဝင်းတို့ကို မွေးဖွားခဲ့ပါသည်။ ဦးကျော်ညွန့်၊ ဒေါ်မော်ဒန်လက်ချမ်း၊ ဦးလှမောင်၊ ဒေါ်ခင်စိန်၊ ဦးထွန်းဝင်းတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၇၁၅/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူများဖြစ်သည့် ဦးဝင်းမြင့်၊ (ဦးထွန်းဝင်း)ကွယ်လွန်၍၏ဇနီး ဒေါ်ယဉ်ယဉ်အေး၊ ဦးစိုးဝင်းနိုင်၊ ဒေါ်တင်မိုးမိုးလှိုင်တို့လေးဦးအနက် ဦးဝင်းမြင့် ပါ(၃)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် ၁၉၂/၂၀၁၄ ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးစိုးဝင်းနိုင် ၉/မရတ(နိုင်)၀၇၀၂၁၈မှ အမှုတွဲအမှတ် ၀၂၃၇/ဘ(ခွဲ/ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ/ခွဲ/ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မကွေး၌ အစားအစာ ပြင်ဆင်သရုပ်ပြပွဲကျင်းပ

မကွေး ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အစားအစာများ ပြင်ဆင်သရုပ်ပြပွဲနှင့်ချက်ပြုတ်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ငါးနှစ်အောက် ကလေးငယ်များ အတွက် အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးရန် . .

တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က အမှာစကားပြောကြားပြီး အာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့က အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ရာတွင် အဓိကပါဝင်လုပ်ဆောင်သင့်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငါးနှစ်အောက် ကလေးငယ်များအတွက် အာဟာရပြည့်ဝမျှတသောအစားအစာများ ချက်ပြုတ်ပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်နှင့် ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်မွန်မြင့်က အမှတ်ပေးစည်းမျဉ်းများ အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီ၌ ပုလဲသွယ်စပ်မျိုးစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်း လက်တွေ့သရုပ်ပြ

မြဝတီ ဩဂုတ် ၁၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်တွင် မိုးစပါးတစ်ဧကတင်း ၁၀၀ကျော် ထွက်ရှိရေး၊ မိုးစပါး သိပ္ပံနည်းကျ စိုက်ပျိုးနည်း GAP စနစ်အား တောင်သူများလက်ခံကျင့်သုံးလာစေရေးအတွက် တောင်သူများအား ပညာပေးလက်တွေ့စိုက်ပျိုးပြသခြင်းကို မဲကနယ်ကျေးရွာမှ တောင်သူဦးနံ့တစ်၏ ကွင်းအမှတ်(၅၅)လယ်မြေတွင် ဩဂုတ် ၁၈ ရက်က ကျင်းပသည်။

သရုပ်ပြစိုက်ပျိုးပွဲတွင် တောင်သူများအားခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဒေါ်သန်းရီက ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသောပျိုးခင်းမှ ချက်ချင်းနုတ်၊ ချက်ချင်းစိုက် စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသပြီး သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်းပိုမိုထွက်ရှိလာ၍ တောင်သူများဝင်ငွေတိုးလာပြီး ဒေသဝမ်းစာ ဖူလုံလာမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်တစ်ချက်ခြင်းစီအလိုက် အကျိုးထိရောက်မှုကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားလာရေးအတွက် သိရှိလိုက်နာရန်ပညာပေးလက်ကမ်းစာစောင်များကိုတောင်သူများအား ဖြန့်ဝေပေးခဲ့သည်။ စိုက်ပျိုးပွဲတွင် ကျေးရွာများမှ တောင်သူများ၊ ကောက်စိုက်သမများက ပျိုးပင်များကို စနစ်တကျစိုက်ပျိုးနည်းအတိုင်းလက်တွေ့စိုက်ပျိုးကြကြောင်း သိရသည်။

သရုပ်ပြစိုက်ပျိုးပွဲသို့ ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာခြောက်ရွာမှ တောင်သူများတက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

မကွေး၌ လျှပ်စစ်မီး ရရှိစေရေး စုပေါင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဒုံကပ်ကျွန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် မဂ္ဂါဝပ် ၂၀၀ ထရန်စဖော်မာကို ကိုယ့်အားကိုယ်ကိုးတပ်ဆင်ခဲ့ပြီး ယခုအခါမီးရရှိနေပြီဖြစ်ကြောင်း သိရသည်။ ထရန်စဖော်မာသစ်တပ်ဆင်ပြီး ဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်ကကျင်းပခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်ကျော်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဒေသတွင်း NGO အဖွဲ့များ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဌာန တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးလင်းရေး ကော်မတီတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇာဇာဆန်း**

ရေးမြို့နယ်အတွင်း ယစ်မျိုးဆိုင်ရာ ဥပဒေ ရှင်းလင်းပြောကြား

မွန်ပြည်နယ် ရေးမြို့မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ်၁၇ရက်နံနက် ၉နာရီခွဲက ယစ်မျိုးဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးမြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့နှင့် ရေးမြို့နယ်အတွင်းမှ FL ၁၂ လုပ်ငန်းရှင်များ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးဇော်နိုင်ကနည်းဥပဒေသိကောင်းစရာများ ပြောကြားကာ တက်ရောက်လာသူများ၏မေးမြန်းတင်ပြချက်များကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် အဆင့်မြင့်လယ်ယာများဖော်ထုတ်၍ တောင်သူများဝင်ငွေတိုးတက်ရရှိစေပြီး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိရာ မိုးစပါးကိုအချိန်မီ ထွန်တုံးပိတ်စိုက်ပျိုးနိုင်မှ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၁၉ ရက်က တဲကြီးကုန်းကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာ (၃၄၆) စိုက်ကွင်း၌ ကျင်းပသည်။

ထွန်တုံးပိတ်ပွဲသို့ နေပြည်တော်ကောင်စီဝင်ဦးမျိုးညွန့်၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး အလျင်လိုကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့ရှိ စပါးအခြောက်ခံစက်များသို့ သွားရောက်၍ အခြောက်ခံစက်ဖြင့် စပါးများအခြောက်ခံနေမှုကို ကြည့်ရှုခဲ့ကြသည်။

၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် ဇမ္ဗူသီရိမြို့နယ်အနေဖြင့် စိုက်ဧက ၁၂၇၆ ဧက လျာထားခဲ့ပြီး ၁၃၀၂ ဧကစိုက်ပျိုးခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုု

Vacancy Announcement
(For Myanmar Nationals Only)

Fostering Agricultural Revitalization in Myanmar (FARM) project will be launched by the International Fund for Agriculture Development (IFAD) loan and the interested candidates who are eligible for the following positions are invited to apply.

Project area : Nay Pyi Taw
Project duration : from 2014 to 2020 (6 years)

1. Project Manager and Agriculturalist — Male/Female (1)Post
2. Finance Manager — Male/Female (1)Post
3. Accountant — Male/Female (1)Post
4. Procurement and Contract Management Specialist — Male/Female (1)Post
5. Rural Finance Specialist — Male/Female (1)Post
6. Monitoring and Evaluation Specialist — Male/Female (1)Post
7. Community Development and Gender Specialist — Male/Female (1)Post
8. Irrigation and Water Users Group Specialist — Male/Female (1)Post

The salary for all the positions will be competitive basic with international organization and private sectors. The deadline of application is 29th August 2014.

Please note that: Qualified candidates may submit application with updated CV with one recent photo, certificate of the degree to the email farmmoai@gmail.com or the Director General, Department of Agriculture, Ministry of Agriculture and Irrigation, Office No. 15, Nay Pyi Taw (Ph:067-410007/410016).

Detailed Terms of Reference and qualification for the position may be found on Ministry of Agriculture and Irrigation (MOAI) website: <www.moai.gov.mm/zg/index.php/doanoticboard> or Myanmar Information Management Unit website: <www.mimu.org> and can contact to the email farmmoai@gmail.com.

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ ဦးပိုင်အမှတ်(ဒီ-၅၅)၊ ဧရိယာ ဝ.ဒသမ ၁၁၀ဧကရှိ မြေဂရန်မြေကွက်အမည်ပေါက် ဗိုလ်မှူးကြီးဝင်းဗိုလ်ရှိန် ၁၃/မဆန(နိုင်)၀၀၉၅၂၁၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဗိုလ်မှူးကြီးဝင်းဗိုလ်ရှိန်

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ ဒီ၊ မြေကွက်အမှတ် ၃၄/B၊ ဧရိယာ ဝ.ဒသမ ၁၉၂ဧက၊ မြေကွက်တည်နေရာအမှတ် ၉၂၊ မဟာသုခိတာလမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ် (နော်စိန်ထွေး)အမည်ပေါက် B မြေ ၃(ခ)ရပြီးမြေအား အမည်ပေါက် နော်စိန်ထွေး(ကွယ်လွန်) ခင်ပွန်း ဦးစောဆန်းဒေး(ကွယ်လွန်)၊ သမီး ဒေါ်နော်သောရေ (အပျိုကြီးဘဝကွယ်လွန်)သဖြင့် ဦးစောဒယ်နီယယ် ၇/တငန(နိုင်)၀၉၄၇၅၈က သားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ ကျမ်းကျိန်လွှာ၊ အမှားပြင်စာချုပ်အမှတ် ၈၃၄/၉၉ စာချုပ်ရုံး၊ ရုံးလက်ခံမိတ္တူမှန်၊ သေစာရင်းနှင့် အရောင်းမြေပုံရှာဖွေမတွေ့ရှိသဖြင့် တင်ပြနိုင်ခြင်းမရှိသည့်အပေါ် ဌာနမှသင့်တော်သည့် စီမံဆောင်ရွက်မှုကို လိုက်နာပါမည်ဟု ကတိသစ္စာပြုလွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကြော်ငြာစာအမှတ်(၂/၂၀၁၄) ၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက် ၂၀၁၄ ခုနှစ် ဩဂုတ်လ(၁၆)ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် လျှောက်လွှာခေါ်ယူခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လက်ထောက်ဆရာဝန်ရာထူး(၁၀၂)နေရာအတွက် လူတွေ့စစ်ဆေးခံယူသူများအနက် ရွေးချယ်ခံရသူ(၁၀၂)ဦး၏ ခုံအမှတ်များ

စစ်ကိုင်း ၅၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၁၉၊ ၂၀၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀၊ ၃၁၊ ၃၃၊ ၃၈၊ ၄၁၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၆၊ ၅၇၊ ၅၉၊ ၆၁၊ ၆၃၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၉၊ ၈၀၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၉၊ ၉၃၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၈၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၈၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၉၊ ၁၅၀၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၆၊ ၁၆၉၊ ၁၇၁၊ ၁၈၀၊ ၁၈၃၊ ၁၈၅

၂။ ရွေးချယ်ခြင်းခံရသူများသည် ပြင်ပပုဂ္ဂိုလ်များဖြစ်ကြသဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ၂-၉-၂၀၁၄ရက်မှ ၄-၁၂-၂၀၁၄ရက်အထိ ဖွင့်လှစ်မည့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၄၅)သို့တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်အောင်မြင်ပြီးမှသာ လက်ထောက်ဆရာဝန်ရာထူးတွင် ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ၂၅-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း X(F) မှ မသဲစုဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်ကျော်ငွေ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ငွေ ၁၄/မမန(နိုင်)၀၂၆၂၃၅**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပခုက္ကူမြို့ ရွှေမုဋ္ဌောစေတီတော်ကြီးတွင် ဓမ္မဗိမာန်တော်ကြီးတည်ဆောက်လျက်ရှိ

ပခုက္ကူ သြဂုတ် ၁၉

ပခုက္ကူခရိုင် ပခုက္ကူမြို့ ဧရာဝတီမြစ်ကမ်းပါးတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတော်သည် သပ္ပာယ်တင့်တယ်စွာတည်ရှိလျက်ရှိပါသည်။

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ် (ဘီစီ ၃၀၇)တွင် မဇ္ဈိမဒေသ ပါဋလိပုတ္တ၌ ထီးနန်းဆက်ခံအုပ်ချုပ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားစေရေးအလို့ငှာ အဇာတသတ်မင်း စုစည်းသိမ်းဆည်းခဲ့သည့် မြတ်စွာဘုရား၏ ဓာတ်တော်များအား ပင့်ဆောင်ကာ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကို ရည်မှန်းပြီး စေတီပေါင်း ၈၄၀၀၀၊ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀ ကို ကိုးတိုင်းကိုးဌာနသို့ ဖြန့်ကြက်ဆောက်လုပ်တည်ထား ကိုးကွယ်စေခဲ့သည်ဟု သိရှိရသည်။ တည်ထားကိုးကွယ်ရာ စေတီတော်တိုင်းတွင် ဘုရားရှင်၏ ဓာတ်တော်နှစ်ဆူစီဌာပနာပြီး လမင်းကို ရာဟုဖမ်းချိန် စတင်တည်ခဲ့၍ လမင်းကို ရာဟုဖမ်းစားမှုမှ လွတ်မြောက်ချိန်တွင် တစ်ပြိုင်နက်တည်း အပြီးတည်ဆောက်စေသဖြင့် မုဋ္ဌောစေတီများသည် အဆိုးများမှ လွတ်မြောက်စေသည်ဟု အစဉ်အဆက် ပြောစကား ရှိခဲ့သည်။

သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပေါင်း ၈၄၀၀၀ ထဲတွင် တစ်ဆူအပါအဝင်ဖြစ်သည့် ပခုက္ကူရွှေမုဋ္ဌောစေတီတော်ကြီးကို မြန်မာမင်းအဆက်ဆက်က ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့ကြသကဲ့သို့ ယခုအချိန်တွင်လည်း ဘုရားဖူးလာပြည်သူအပေါင်းက ရွှေမုဋ္ဌောဘုရားကြီး ဘက်စုံမွမ်းမံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုသိုလ်ဒါနများ ဖြည့်ဝင်ကြလျက်ရှိသည်။

ပခုက္ကူရွှေမုဋ္ဌောဘုရားသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး ဘုရားဖူးရင်းဧရာဝတီမြစ်၏သဘာဝ အလှအပရှုမျှော်ခင်းကို ကြည့်ရှုနိုင်ခြင်းကြောင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးများ၊ ပခုက္ကူမြို့ခံပြည်သူများ နေ့စဉ် လာရောက်လည်ပတ်သော နေရာဖြစ်သဖြင့် နေ့စဉ်လူအများနှင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သော ဧရာဝတီတံတား (ပခုက္ကူ)ကို တည်ဆောက်ဖွင့်လှစ်ခဲ့သည့်အတွက် ပခုက္ကူမြို့၏ လမ်းပန်းဆက်သွယ်ရေးမှာ ပိုမိုတိုးတက်ကောင်းမွန်လာလျက်ရှိရာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများပါ လာရောက်နိုင်ကြသဖြင့် ယခင်ကထက်ပိုမိုစည်ကားလျက်ရှိသည်။ ဘုရားဖူးပြည်သူများထံမှ တစ်နေ့လျှင် ရွှေမုဋ္ဌောဘုရားကြီးအတွက် အများပြည်သူ၏ ဒါနကုသိုလ်အလှူငွေကျပ် နှစ်သိန်း၊ သုံးသိန်းခန့်ရရှိကြောင်း ဂေါပကအဖွဲ့မှ သိရသည်။ အလှူငွေများဖြင့် ဘုရားဖူးလာ ပြည်သူများ အန္တရာယ်ကင်းစေရန် ဧရာဝတီမြစ်ကမ်းပါး ရေကာတာပေါ်တွင် စတီးလက်ရန်းများ တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုရားကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ရွှေမုဋ္ဌော ဓမ္မဗိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိသည်ဟု သိရသည်။ ရွှေမုဋ္ဌော ဓမ္မဗိမာန်တော်ကြီးကို နှစ်ထပ်ဗိမာန်တော်ကြီးအဖြစ် တည်ဆောက်မည်ဖြစ်ပြီး အလျား ၈၁ ပေ၊ အနံ ၅၅ ပေ အာရ်စီကွန်ကရစ် အဆောက်အအုံအဖြစ် ဆောက်လုပ်လျက်ရှိပြီး အပေါ်တိုင် ၄၄ လုံး၊ အောက်တိုင် ၄၄ လုံး ပါဝင်ကာ ယခုအချိန်တွင် အဆောက်အအုံ၏ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေမုဋ္ဌော ဗိမာန်တော်ကြီးကို ဇွန်လအတွင်းက စတင်တည်ဆောက်လျက်ရှိပြီး သြဂုတ်လကုန်ခန့်တွင် အကြမ်းထည် ပြီးစီးမည်ဖြစ်ကာ နိုဝင်ဘာလထဲတွင် အနုစိတ် မြန်မာမှုအနုလက်ရာများပါ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ရွှေမုဋ္ဌော ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရာတွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ၀၆၂-၂၂၀၀၉၊ ၀၉-၄၂၀၇၃၅၅၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ဟားခါးမြို့ ကျုံဟူးသွေးလှူရှင်အသင်း နှစ်နှစ်အတွင်း သွေးပုလင်းပေါင်း သုံးထောင်ကျော် အခမဲ့လှူ

ဟားခါး သြဂုတ် ၁၉

ဆင်းရဲနွမ်းပါးသူလူနာများကူညီရန်နှင့် လူနာများအတွက် အခက်အခဲဆုံးအရာဖြစ်သည့် သွေးရရှိနိုင်ရေးရည်ရွယ်၍ ၂၀၁၂ ခုနှစ် သြဂုတ်လက စတင်တည်ထောင်ခဲ့သော ကျုံဟူး သွေးလှူရှင်အသင်း ဟားခါးမှ နှစ်နှစ်အတွင်း သွေးပုလင်းပေါင်း သုံးထောင်ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ကျုံဟူးသွေးလှူရှင်အသင်းစတင်တည်ထောင်သည့် ပထမနှစ်တွင် ကရုဏာ အလှူရှင် ၁၀၀၀ ရှိပြီး ဒုတိယနှစ်တွင် ၁၉၀၀ အထိ တိုးပွားလာသည်။ အလှူရှင်များထံမှရရှိသော အလှူငွေများကို ဆေးရုံတက်ရောက်နေသော ဆင်းရဲနွမ်းပါးလူငယ်များနှင့် သွေးလိုအပ်၍ သွေးရှာဖွေမရနိုင်သောလူနာများ သွေးရရှိနိုင်ရေးအတွက် အသုံးပြုကြောင်း သိရသည်။

သွေးလှူရှင် ၁၂၈၀ ဖြင့် သွေးပုလင်း ၃၈၆၂ အား . . .

နှစ်နှစ်အတွင်း သွေးလိုအပ်သော လူနာ ၂၀၈၀ အတွက် သွေးလှူရှင် ၁၂၈၀ ဖြင့် သွေးပုလင်းပေါင်း ၃၈၆၂ ပုလင်း အခမဲ့လှူဒါန်းနိုင်ခဲ့သည်။ ကရုဏာရှင်များက အလှူငွေကျပ် စုစုပေါင်း ငွေကျပ် ၃၄၀၄၁၀၀၀ လှူဒါန်းခဲ့ပြီး လူနာ ၄၀၀ အား ငွေကျပ် ၁၆၅၀၂၈၀၀ နှင့် သွေးလှူဒါန်းခြင်းအတွက် ငွေပေါင်း ၁၆၅၉၃၆၄၅ ကျပ် ကူညီနိုင်ခဲ့ပြီ ဖြစ်သည်။

ကရုဏာရှင်များအနေဖြင့် ကိုယ်တိုင်သွေးလှူဒါန်းနိုင်သည့်အပြင် သွေးမလှူနိုင်သူများအနေဖြင့် လစဉ် အလှူငွေတစ်ထောင်ကျပ်ထည့်ဝင်နိုင်ပြီး ကျုံဟူးသွေးလှူရှင်အသင်းမှ အိမ်တိုင်ရာရောက် လာရောက်ကောက်ခံပေးမည်ဖြစ်ကာ လှူဒါန်းလိုပါက ကျုံဟူးသွေးလှူရှင်အသင်းရုံး ဖုန်း- ၀၇၀-၂၂၀၁၂၊ အမှတ် ၄၅၉၊ ချယ်ရီလမ်း ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နှင့် ဦးထောင်ကျုံးနုံး အတွင်းရေးမှူး ဖုန်း-၀၉၄၀၀၃၀၃၀၀၂၊ ဦးငွန်ထန်းဖုန်း-၀၉၄၀၀၃၁၁၉၀၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၇)**

နန်းတည်နှစ် ၇၀၀ ပြည့် ပွဲတော်ကျင်းပရန် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ အားကစားကွင်းကြီး အသစ်ပြန်လည်တည်ဆောက်မည်

စစ်ကိုင်း သြဂုတ် ၁၉

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ အားကစားကွင်းကြီးကို အသစ်ပြန်လည် တည်ဆောက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက ပြောကြားသည်။

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ အားကစားကွင်းကြီးမှာ အလျားပေ ၈၆၀၊ အနံပေ ၈၄၀၊ ဧရိယာ ၁၅ ဒသမ ၈၀ ဧကရှိပြီး အားကစားကွင်းကြီးကို ၁၉၉၂ ခုနှစ်တွင် အားကစားပြိုင်ပွဲ အမျိုးမျိုးဖြင့် စတင်အသုံးပြုခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာနရုံး မုံရွာမြို့သို့ ပြောင်းရွှေ့သွားပြီးနောက် ယင်းအားကစားကွင်းကြီးကို အသုံးမပြုသည်မှာ ၁၀ နှစ် ကျော်ရှိပြီသည်။ အထူးတန်းပွဲကြည့်စင် တစ်စင်၊ ရိုးရိုးတန်းပွဲကြည့်စင် သုံးစင်ရှိကာ မီတာ ၄၀၀ ပြေးလမ်းနှင့် ဘောလုံးကွင်းမှာ ပျက်စီးယိုယွင်းလာနေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့သည် နန်းတည်နှစ် ၇၀၀ ပြည့် ပွဲတော်ကြီးကို ထိုအားကစားကွင်း၌ကျင်းပရန် လျာထားပြီး ကွင်းအား ပြုပြင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ နှစ် ၇၀၀ ပြည့် ပွဲတော်ကြီး ကျင်းပပြီးနောက် အထူးတန်းပွဲကြည့်စင်နှင့် ရိုးရိုးတန်းပွဲကြည့်စင်များ အသစ်ပြန်လည်တည်ဆောက်ရန် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဆောက်လုပ်မည့်ပွဲကြည့်စင်ပုံစံနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြထားကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေရရှိပေးပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းဌေးကိုက ပြောသည်။

ပါရမီအားကစားကွင်းကြီးအား ငွေကျပ်သိန်း ၈၀၀ တန်ဖိုးရှိ အလေးမ အားကစားရုံတစ်ရုံ၊ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ ကာယဗလ/ကာယအလှအားကစားရုံတစ်ရုံ တည်ဆောက်သွားမည်ဖြစ်သည့် အပြင် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် ကွင်းဟောင်းကိုလည်း ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။

စစ်ကိုင်းမြို့၏ ကျက်သရေဆောင် တိုင်းဒေသကြီးအဆင့် အားကစားကွင်းသစ်ကြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလှူရှင်များ၏ ကူညီပံ့ပိုးမှုများ လိုအပ်နေကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက ပြောကြားသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မွေးနေ့ဆုတောင်း

ချစ်ဇနီး ဒေါ်နှင်းနှင်းဝေ၏ ၁၆-၈-၂၀၁၄ ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင် မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာ ရှိနေနိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း - **ဦးသန်းဇော်မြင့်**
(ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ ကျောက်မဲမြို့)
သား - **မောင်ဟိန်းထက်ဇော်**
တက္ကသိုလ်ဝင်တန်း၊ အထက(၁)၊ ကျောက်မဲ
သမီး - **မဂျူးခင်ခင်ဇော်**
အဋ္ဌမတန်း၊ အလက(၁)၊ ကျောက်မဲ

မွေးနေ့ဆုတောင်း

ဦးသန်းဇော်မြင့် (ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ ကျောက်မဲမြို့)၏ **ချစ်ဇနီး ဒေါ်နှင်းနှင်းဝေ**၏ ၁၆-၈-၂၀၁၄ ရက်တွင်ကျရောက်သော (၄၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း တစ်ရာကျော်တိုင် မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်စွာရှိနေနိုင်ပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကြည်လင် - **(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကျောက်မဲ)၊**
ဇနီး - **ဒေါ်ထွေးထွေးဇော်နှင့်သားသမီးများ**
ဦးကျော်ဌေးအောင် - **(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ သီပေါမြို့)၊**
ဇနီး - **ဒေါ်အိမွန်စန်း(အငယ်တန်းအင်ဂျင်နီယာ-၂၊ သီပေါဓာတ်အားခွဲရုံ)**

(၁၀၂)နှစ်ပြည့် မွေးနေ့မင်္ဂလာ

ဒေါ်စိန်ထွေး (၂၀-၈-၁၉၁၂)

ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်ထွေး၏ (၁၀၂)နှစ်ပြည့် မွေးနေ့မှသည် အသက်(၁၂၀)မက ရှည်ပါစေကြောင်း ဆုတောင်းပါသည်။

သား - **ပါမောက္ခ ဦးဖေသောင်း**
(ဒုပါမောက္ခချုပ်- ငြိမ်း၊ လားရှိုးတက္ကသိုလ်)-
သမီး - **ဒေါ်မြင့်မြင့်စီ(ကျောင်းအုပ်ကြီး- ငြိမ်း၊ အထက-၄၊ တာမွေ)၊**
မြေး - **ဒေါ်အေးမြမြခိုင်(လ/ထညွှန်မှူး၊ ပထမအတွင်းဝန်၊ နိုင်ငံခြားရေး)**
ဦးကျော်ကျော်ထွဋ်(လ/ထမန်နေဂျာ၊ စီး/ဘက်၊ နေပြည်တော်)-
မိုင်စောနီနီလှိုင် (မန်နေဂျာ၊ အမှတ် ၁၁၊ အကြီးစားစက်ရုံ၊ ရန်ကုန်)
မြစ် - **မခိုင်ဘရဏီထွဋ်**

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၇)၊ အကွက်အမှတ် (၄၃/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေဂရန်မြေကွက် အမည်ပေါက် ဒေါ်မြန်ရှန်းမေ ၁၃/လရန(နိုင်)၀၆၀၂၅၈ ၏ မြေဂရန် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်မြန်ရှန်းမေ**

ဖခင်အမည်မှန်

မြိတ်မြို့၊အထက(၁)၊သတ္တမတန်း(စ)မှ မခေတ်စံပယ်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဂျက်မောင်မောင်ဝင်း ဖြစ်ပါကြောင်း။
ဦးဂျက်မောင်မောင်ဝင်း
၆/ကစန(နိုင်)၀၅၄၃၂၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB-4758 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဓ/၈၆၁၉ Nissan Condar Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၂/လမတ(နိုင်)၀၁၇၃၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ဒီးကုန်းမြို့နယ်အသင်း(ရန်ကုန်) တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ဒီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများနှင့် ဒီးကုန်းမြို့နယ်သူ/မြို့နယ်သားများအားလုံး ကြွရောက်လှူဒါန်းပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၄-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ၁၃၇၆ ခုနှစ် ဝါခေါင်လကွယ်နေ့
အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
နေရာ - နေနတ်သားစာသင်တိုက်၊ ကိုးထပ်ကြီးဘုရားရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

အမှုဆောင်အဖွဲ့
ဒီးကုန်းမြို့နယ်အသင်း(ရန်ကုန်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေမည်

ညောင်ဦး ဩဂုတ် ၁၉

ညောင်ဦး (ပုဂံ)ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကို ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဒေသတွင်းပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လည်ပတ်မှုများပြားသည့် ဘုရားစေတီပုထိုးများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်ပတ်ဝန်းကျင်နေရာများသို့ အဖွဲ့များခွဲ၍ စွန့်ပစ်အမှိုက်နှင့် ပလတ်စတစ်များ ကောက်ယူ သိမ်းဆည်းခြင်းများကို အပတ်စဉ် စနေ (သို့) တနင်္ဂနွေနေ့များတွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့တွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းတို့က ဦးဆောင်၍ ထွေ/အုပ်ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညု၊ ဗူးဘုရား၊ မနူဟာဘုရားများ၏ ပတ်ဝန်းကျင်များ၊ ရှေးဟောင်းသုတေသနပြတိုက် ရှေ့မျက်နှာစာ စသည့်ခရီးသွားဧည့်သည်များအများဆုံးလည်ပတ်သည့်နေရာများ၊ သင်္ဘောနှင့် ဇက်ဆိပ်ကမ်းများ၊ မဏိစည်သူ ဈေးပတ်ဝန်းကျင်နေရာများ၊ ဘုရားနီအဝိုင်း၊ အနော်ရထာလမ်းမကြီးဘေး ဝဲယာများတွင် အဖွဲ့များခွဲကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့တစ်ဖွဲ့ချင်းစီမှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ပလတ်စတစ်အမှိုက်များနှင့် ပတ်သက်၍ စနစ်တကျစွန့်ပစ်ရေးအတွက် အသိပညာပေး နှိုးဆော်ခြင်း၊ ပြည်တွင်းဘုရားဖူးလာမော်တော်ကားများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြို့တွင်းခရီးသွားဝန်ဆောင်မှု မော်တော်ကားများတွင်လည်း ပလတ်စတစ်ကင်းစင်ရေးအတွက် နှိုးဆော်အသိပေးသည့် ကပ်ခွာစတစ်ကာများကို တစ်စီးချင်းလိုက်လံ ကပ်ပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။ **ရဲသူရအောင်(ညောင်ဦး)**

ဇီးကုန်းမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း စနစ်တကျရှိရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ဇီးကုန်း ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ဩဂုတ် ၁၈ ရက်က မြို့မရဲစခန်းမှူး ဒုရဲမှူး တင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ယာဉ်ထိန်း၊ ယာဉ်ရှင်း တပ်ဖွဲ့ဝင်များသည် မြို့လယ် လူစည်ကားရာနေရာဖြစ်သော ရန်ကုန်-ပြည်လမ်းနှင့် ကုန်သည်လမ်းထောင့် လမ်းဆုံနေရာတွင် ဖြတ်သန်း မောင်းနှင်နေကြသော မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများအား ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်ပေါ်တွင် နှစ်ဦးထက် ပိုမစီးရန်၊ မီးပွိုင့်ကို သတိနှင့် ကြည့်ပြီး ဖြတ်သန်းမောင်းနှင်ရန် ပညာပေးလက်ကမ်းစာစောင် ၁၀၀ ကျော်တို့ကို ဖြန့်ဝေပေးခဲ့သည်။ ယခုနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးခရိုင်သည် ယာဉ်မတော်တဆမှုအများဆုံး ဖြစ်ပွားခဲ့သည့်ခရိုင် ဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

ဒေသဖွံ့ဖြိုးရေးသတင်းတိုများ

တတိယအဆင့် အရှိန်မြှင့်တင်မှုသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဩဂုတ် ၁၇ ရက်က တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) နှင့် ပတ်သက်၍ အမှုထမ်းများ စွမ်းရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းစဉ်အတွက် အရေးကြီးသော အချက်များ ပို့ချသွားမည် ဖြစ်သောကြောင့် အလေးထားမှတ်သားကြရန် မှာကြားသည်။ သင်တန်းသားများအဖြစ် ရပ်/ကျေး စာရေး ၁၀၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်း၌ ငွေချေးသမအသင်းသားများ စုငွေပေးအပ်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှုဆောင်ဒါရိုက်တာအဖွဲ့၏အစီအရင်ခံစာတင်သွင်းခြင်း၊ ဘဏ္ဍာရေးနှစ်နှစ်ချုပ်စာရင်းတွင် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားပြီး အသင်းလီမိတက် အမှုဆောင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏ လစ်လပ်နေရာကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိအား အသင်းသားများက ရွေးချယ်အတည်ပြုခဲ့ကြသည်။ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ အစု၏အမြတ်နှင့် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၁၁၃၆၆၀၀ ကို အသင်းသား ၇၈ ဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကောလင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြေနီအုပ်စု မြေနီကျေးရွာ၌ မိုးပွင့်အဆင့်(၆)စီမံချက်အရနိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က ကျေးရွာအခြေခံပညာ မူလွန်ကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၉၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ပေးအပ်ခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် ကုန်ကျသည့် ဓာတ်ပုံရိုက်ကူးခ၊ သွေးစစ်လက်မှတ်ခ၊ မိတ္တူကူးခများကို High Land Road ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီက လှူဒါန်းပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ်၌ ပညာရေးစွမ်းရည်ပြိုင်ပွဲကျင်းပ

ပခုက္ကူမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများကို ဩဂုတ် ၁၇ ရက်က ကျင်းပရာ ကဗျာရွတ်ပြိုင်ပွဲ၌ ပထမဆုကို မအိအိသက် အခြေခံပညာမူလတန်းကျောင်း(လနစ)ဝါဇီက ရရှိခဲ့ပြီး ဒုတိယဆုကို မခင်ခင်သွယ် အခြေခံပညာအထက်တန်းကျောင်း (ကျွန်းချောင်း)နှင့် တတိယဆုကို မောင်ချစ်စမ်းမောင် အခြေခံပညာမူလတန်းကျောင်း (ကြားကျွန်း)တို့က ရရှိခဲ့ပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်(မန်းတက္ကသိုလ်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၁၅၆၈၂၊ Kenbo-125၊M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၈/ဇမန(နိုင်)၁၂၈၈၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်)

ဖိတ်ကြားအပ်ပါသည်

ယခင်နှစ်တွင် သာပေါင်းရေဘေးအတွက် ဆန်အိတ် ၁၅၀ လှူပြီးပြီ။ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်မှ ရန်ကုန်တွင် နေထိုင်သူ အားလုံးဆုံကြရန် ဖိတ်ပါတယ်။ ၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ၊ ၂၀၇၊ ပထမထပ်၊ မြန်မာစူးတက် ကုမ္ပဏီ၊ ပြည်လမ်း၊ ရတနာအိမ်ရာ ၉ မိုင်၊ မရမ်းကုန်း၊ဦးမြငွေ ဖုန်း-၀၉-၈၆၀၂၁၈၄၊ ဦးစိန်မောင် ဖုန်း-၀၉-၇၃၁၇၉၂၉၊ ဦးခင်ဝင်း(အိယုံ) ဖုန်း-၀၉-၃၂၀၇၅၈၀၆

အက်(စ်)ကေဘီအင်(န်)အိပ်(ချ်)အမ်အက်(စ်)ဆီနာဂျီကုမ္ပဏီလီမိတက်

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Office Staff** (ဘွဲ့ရ) ကျား၊ မ ၂ ဦး

လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိ၍ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။

၂။ **Office Staff** (ဘွဲ့ရ) ကျား၊ မ ၁ ဦး

လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိပြီး၊ ထိုင်းဘာသာစကား ကျွမ်းကျင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ ၂ ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံတို့ဖော်ပြ၍ အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

တိုက်အမှတ် အေ-၃၊ အခန်းအမှတ် ၃၀၂၊
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၆၅၃၄၈၆၊ ၆၆၀၈၈၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မိတ္ထီလာ)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Centrifugal Pump with Motor + Control Box Complete	2 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၈၈၊ ၀၆၄-၂၃၉၀၀နှင့် ၀၉-၂၂၀၀၆၅၀တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၈၈၄၀ Toyota Premio ZZI-240 SLယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းအောင် ၁၂/မရက(နိုင်) ၀၆၃၄၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၁၃၂၆၃ Suzuki Showgan M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည် ၇/ပမန(နိုင်)၀၄၁၉၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၁၃၇၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၂၈၃၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်အောင် ၇/ပခန(နိုင်)၃၁၃၁၆၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၂၄၅၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၇၅၁၄ Honda Dream ND 125 M ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအောင် ၁၀/ကမရ(နိုင်)၀၂၇၈၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၆၉၅၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆီဆိုင်မြို့နယ်တွင် စာဖတ်ရှိန်မြင့်မားရေးအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်များလှူဒါန်း

ဆီဆိုင် ဩဂုတ် ၁၉

အများပြည်သူ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဩဂုတ် ၁၇ ရက်က ပင်စုံကျေးရွာအုပ်စု နန်းဩကျေးရွာဘုန်းတော်ကြီးကျောင်း၌ နံရံကပ်စာစောင်များ၊ စာအုပ်နှင့် ဓာတ်ပုံပြပွဲ၊ စာဖတ်ရှိန်မြင့်မားရေးအသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပသည်။

ရှေးဦးစွာ ပင်စုံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ကြွယ်နှင့် ပြန်/ဆက်ဦးစီးဌာနမှ ဦးသိန်ဇော်တို့က အမှာစကားပြောကြားပြီး ဦးခွန်ရဲထွေးက စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများရရှိပြီး အကောင်းအဆိုးများကိုခွဲခြားသိမြင်ကာ မိမိတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ နည်းပညာဗဟုသုတရရှိပြီး ကျေးရွာမှသည် ဒေသတစ်ခုလုံးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပညာပေးဟောပြောသည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်၊ မှတ်တမ်းဓာတ်ပုံ၊ သုတ/ရသစာအုပ်စာစောင်များ ခင်းကျင်းပြသပြီး နန်းဩကျေးရွာ အောင်ပညာစာကြည့်တိုက်အတွက် စာအုပ်စာဆောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

မြစ်သားမြို့နယ် အနောက်သပြေသာကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်

မြစ်သား ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အနောက်သပြေသာကျေးရွာအုပ်စု အနောက်သပြေသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း မိုးသောက်ပန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၇ရက်က အဆိုပါကျောင်းဆောင်သစ် မျက်နှာစာရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်၊ အလှူရှင် မန္တလေးမြို့သစ်နေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးမွန်နှင့် သမီး မသဉ္ဇာဇော် (မြတ်မွန်ကုမ္ပဏီလီမိတက်နှင့် မိုးသောက်ပန်း အိမ်၊ ခြံ၊မြေရောင်းဝယ်ရေး)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးက ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက နိုင်ငံတော်၏ ပညာရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီပေးသော အလှူရှင်ကို ကျေးဇူးတင်ရှိကြောင်း၊ ဒေသခံများကလည်း မိမိရွာကျောင်းလေး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးစေလိုကြောင်းစသည်ဖြင့် ပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားကာ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

"အစ်မ ဒီကျောင်းကို လှူဒါန်းဖြစ်ရတဲ့ အကြောင်းရင်းက ဒီရွာကိုရောက်လာရင်း ရွာမှာရှိတဲ့ စာသင်ကျောင်းလေးက ယိုယွင်းပျက်စီးနေတာကို တွေ့ရတဲ့အတွက် ကျောင်းဆောင်သစ်လေး ဆောက်လုပ်လှူဒါန်းပေးချင်စိတ်တွေ ဖြစ်ပေါ်လာလို့ လှူဖြစ်ခဲ့တာပါ။ နောက်ထပ်လည်း ဒီကျောင်းလေးနှင့်ပတ်သက်ပြီး တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ထားပါတယ်"ဟု အလှူရှင်ဒေါ်အေးအေးမွန်က ပြောကြားသည်။

ဒေသခံအသက် ၇၀ ကျော် ဦးညိုဝိုင်းကလည်း "မမျှော်လင့်ခဲ့သော ဆန္ဒတွေပြည့်ဝတဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ ရွာမှာရှိတဲ့ အဘိုးတို့ရဲ့မြေးမြစ်တွေ ဒီလိုခံ့ငြားတဲ့ ကျောင်းဆောင်သစ်ကြီးမှာ ပညာသင်ကြားရတော့မှာကို မြင်တွေ့ရတဲ့အတွက် အဘိုးအနေနဲ့ သေပျော်ပါပြီကွယ်" ဟုပြောကြားသည်။

"၁၉၆၆ ခုနှစ်ကတည်းက ဒီကျောင်းလေးကို စတင်ဖွင့်လှစ်ခဲ့တယ်။ အခု ၄၈ နှစ်တာကာလကျမှ ဒီကျောင်းဆောင်သစ်လေးကို မြင်တွေ့ရတဲ့အတွက် ဝမ်းလည်းနည်း၊ ဝမ်းလည်းသာပါတယ်" ဟု အနောက်သပြေသာကျေးရွာ အမကကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဌေးက ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံ ၂၅ ပေရှိပြီး အခန်း လေးခန်းပါရှိသော တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်

ကွန်ဟိန်း ဩဂုတ် ၁၉

လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့တွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး တောင်သူပညာပေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ရုံး ဒုတိယဦးစီးမှူး ဦးတိုးဝေ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုနှင့် ဦးစိုင်းမွန်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ကွန်ဟိန်း မြို့နယ်အုပ်ချုပ်ရေးမှူး

ဦးကျော်ထင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ တောင်သူ ၈၆ ဦးတက်ရောက်ကြသည်။ သင်တန်းတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေအသုံးချရေး၊ ပိုးမွှားရောဂါကာကွယ်ရေး၊ မျိုးစေ့မျိုးကောင်း မျိုးသန့်စိုက်ပျိုးရေး၊ နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို သင်ကြားပေးခဲ့သည်။

မိုးလွင်ဦး(လွိုင်လင်)

သတင်းတို

တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်ပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တန်ဖိုးနည်းအာဟာရပြည့် သရုပ်ပြချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်က မြို့နယ်အဖွဲ့ရုံး၌ ကျင်းပရာ ငွေကျပ် ၂၀၀၀ ဖြင့် မိသားစု ငါးဦးစားသောက်ရန် အာဟာရပြည့်ဝသော အစားအစာများကို ယှဉ်ပြိုင်ချက်ပြုတ်ခဲ့ကြပြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များမှ အဖွဲ့လေးဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမဆုရ မြင်းခြံ၊ ဒုတိယဆုရ ငါန်းဇွန်၊ တတိယဆုရ နွားထိုးကြီး၊ နှစ်သိမ့်ဆုရ တောင်သာမြို့နယ်တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

EASTERN PALACE Hotel Mandalay is seeking for the following positions,

(1) General Manager
(2) Human Resources Manager
(3) Chief Accountant
(4) Sales & Marketing Manager

For all above positions must have at least 3-years of relevant working experience, must be possessed Bachelor Degree & inter personal skills, very good personality, Computer and English is a must. Enthusiastic, Willing and Sound person only.

Please send your CV, necessary documents and other testimonial to the following address attention to Administration Department, not later than 30th August 2014.

EASTERN PALACE Hotel Mandalay
No.(66-A), 19th Street, Between 57th & 58th Street (Ph.09 428320823)
easternpalacehotelmandalay@gmail.com

ဖြစ်လေရာဘဝတိုင်းမှာ ပညာအရာအမြင်သာဖို့ ပညာပါရမီဖြည့်ကြပါစို့

သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ပိဋကတ်တိုက်ကျောင်းဆရာတော်ကြီး စီမံအုပ်ချုပ်တည်ထောင်ဖွင့်လှစ်သော **ရောင်ခြည်သစ် အခမဲ့ပညာဒါန** တက္ကသိုလ်ဝင်ခွင့်သင်တန်းနှင့် ကွန်ပျူတာသင်တန်းကျောင်းကြီး၏ **ငါးနှစ်ပြည့်အထိမ်းအမှတ်**ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ်(၅)ရပ်ကွက် ရတနာ့ဂုဏ်ရည်သရက်တောကျောင်းဆရာတော်နှင့် တိုင်ပင် ပူးပေါင်း၍ **ရောင်ခြည်သစ် အခမဲ့ပညာဒါန(အမှတ်-၂)** တက္ကသိုလ်ဝင်ခွင့် အထောက်အကူပြု ဘာသာစုံသင်တန်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ **နှစ်ကျ** (Repeater) ဖြစ်၍ ပညာလိုလား စိတ်ပါဝင်စား၍ စည်းကမ်းတကျ သင်တန်းအစအဆုံး တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် ဝင်ခွင့်လျှောက်လွှာ အခမဲ့ထုတ်ယူ၍ လျှောက်လွှာတင်စာရင်းပေးသွင်းနိုင်ပါသည်။

(ကျောင်းသားဦးရေကန့်သတ်ထားပါသည်။)

သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၁၃၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက် (၇-၉-၂၀၁၄ရက်) တနင်္ဂနွေနေ့ နံနက် ၉း၀၀နာရီ

ဝင်ခွင့်လျှောက်လွှာစတင်လက်ခံမည့်ရက် - ၂၅-၈-၂၀၁၄ ရက်မှ ၅-၉-၂၀၁၄ ရက်အထိ (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက်မှ တော်သလင်းလဆန်း ၁၂ ရက်အထိ)

တက်ရောက်ရမည့်အချိန် - နေ့စဉ် နံနက်၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ

ဆက်သွယ်ရန်-ရတနာ့ဂုဏ်ရည်သရက်တောကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ သုံးခွမြို့။

ဖုန်း-၀၉-၈၅၃၇၇၅၂၆၊ ၀၁-၅၆၁၉၉၇၊ ၀၉-၄၂၀၇၃၅၁၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၉၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်အောင် ၈/ရစက(နိုင်)၁၄၃၀၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ပြင်ဦးလွင်**

ပျောက်ဆုံးကြောင်း

ကျွန်တော်မြင့်ဇော်ဦး ၈/နမန(နိုင်)၁၂၈၅၉၀၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးပါ၍ တွေ့ရှိပါက ဖုန်း-၀၁-၅၅၄၈၁၈ထံသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန်။

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Myanmar Asia Express Trading Co., Ltd. နှင့် Asia Future Co., Ltd. ရုံးခန်းတို့ကို အမှတ်-၁၅၅ (တတိယထပ်)၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ် မှ အမှတ်-၃၀၂ (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်း၊ (မြန်မာ့ကျောက်မျက်ရတနာ ပြခန်းရှေ့) မရမ်းကုန်းမြို့နယ် သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Myanmar Asia Express Trading Co., Ltd.
Asia Future Co., Ltd.
Ph : 09 6819103
Fax : 01 665014

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကင်းတရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးခင်မောင်ထွန်း နှင့် ၁။ ဦးမြင့်စိန် ၂။ ဦးတင်ထွန်း

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊ တိုက် ၉၊ (လေးလွှာ-ယာ)၊ အမှတ် ဒီ(၃/ခ)နေ (ယခင်နေရပ်လိပ်စာမသိ) အမှတ်(၂)တရားပြိုင် ဦးတင်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁/၂၀၁၃ ၏ (၇-၁၀-၂၀၁၃)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီသည် မဟုတ်မမှန် လိမ်လည်လှည့်ဖြား၍ ရယူထားသည့်ဒီကရီဖြစ်၍ ပယ်ဖျက်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၅ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။ **စည်သူဝင်း**

တွဲဖက်မြို့နယ်တရားသူကြီး၊ ရန်ကင်းမြို့နယ်တရားရုံး

ဝန်ထမ်းအလိုရှိသည်

FARMERS CHOICE TRACTOR CO., LTD.
တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်

1. **ကွန်ပျူတာစာရင်းကိုင်** ကျား/မ ၃ ဦး
B.Com, CPA; LCCI-3, ACCA ဘွဲ့ရသူ၊
လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ၊ (UBS SOFTWARE)
သုံးနိုင်သူ ဦးစားပေးမည်။
2. **မန်နေဂျာ** ကျား ၂ ဦး
B.E. (Mechanical) ဘွဲ့ရ Computer ကျွမ်းကျင်စွာ
သုံးစွဲနိုင်သူ၊ စက်ပြင်လုပ်ငန်းဝါသနာပါ၍ ကြီးကြပ်နိုင်သူ၊
နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
3. **အင်္ဂလိပ်၊ မြန်မာဘာသာပြန်** ကျား ၂ ဦး
English မေဂျာဘွဲ့ရ၊ (နယ်ခရီးသွားနိုင်သူဦးစားပေးမည်)
4. **ကွန်ပျူတာကျွမ်းကျင်သူ** ကျား/မ ၃ ဦး
ဒီပလိုမာ/ဘွဲ့ရ၊ စာစီစာရိုက်အတွေ့အကြုံ(၁)နှစ်ရှိသူ။
Page Maker; Word; Excel; E-mail ကျွမ်းကျင်စွာ၏
အသုံးပြုနိုင်သူ
5. **ထွန်စက်၊ စက်ပြင်** ကျား ၅ ဦး
ဒီပလိုမာလက်မှတ်ရ/စက်ပြင်သင်တန်းဆင်း/စက်ပြင်
အတွေ့အကြုံ(၃)နှစ်ရှိသူ အသက် (၅၀)ထက်မကြီးသူ။
နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
6. **အရောင်းဝန်ထမ်း** ကျား/မ ၃ ဦး
တက္ကသိုလ်ဘွဲ့ရ (Marketing) လုပ်ငန်းစိတ်ဝင်စားသူ
အသက် (၃၅)နှစ်ထက်မကြီးသူ။
7. **ယာဉ်မောင်း** ကျား ၂ ဦး
ယာဉ်မောင်းလုပ်သက် (၃)နှစ်အထက်ရှိရမည်။
အသက် (၄၀)ထက်မကြီးသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနှင့် မျှော်မှန်းလစာ၊ ဖော်ပြလျက် စက်တင်ဘာ ၁၅ ရက်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

FARMERS CHOICE TRACTOR CO., LTD.
ကျိုက္ကလော့ဘုရားမှတ်တိုင်၊ ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၆၁၇၉၊ ၀၉-၇၃၀၉၁၁၅၁
E-mail: farmerchoicetractor@ gmail.com

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ဘားအံခရိုင်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆

ကွယ်လွန်သူ ဒေါ်အေးကြည်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ နတ်စင်လမ်း၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးကြည်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးအုံးမောင် (ဒေါ်အေးကြည်၏သား)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ရက် (၁၃၇၆ ခုနှစ် တော်သလင်းလပြည့်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အေးကြည်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်(၁၃၇၆ခုနှစ် တော်သလင်းလပြည့်နေ့)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးအုံးမောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်မှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(သီရိတင်)**

ဒုတိယခရိုင်တရားသူကြီး၊ ဘားအံခရိုင်တရားရုံး



အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်ထွန်း
စက်မှုကထိက(ငြိမ်း)၊ ပုသိမ်ပညာရေးကောလိပ်
ကျောင်းပြင်ပမူလတန်းပညာရေး တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး(RM)

ဆရာကြီးဦးတင်ထွန်းသည် ငပုတောမြို့နယ်၊ အမက ဝွေးပင်ကွင်းအခြေစိုက်စခန်း၌ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်စဉ် ၁၅-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းပြင်ပမူလတန်းပညာရေး
ဗဟိုကြီးကြပ်အဖွဲ့(MLRC)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမင်း (ခ) ဦးစိန်တင် (ခ) ဦးဟယ်ရီစိန်မောင်

(စိန်မောင်ရှယ်ရှင်)

အသက် (၇၅) နှစ်

ချစ်လှစွာသော ကိုကိုကြီး/ဘကြီး ဦးစိုးမင်း အသက် (၇၅) နှစ်သည် ၁၅-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ညီမ - ဒေါ်ရှိုရှိုစိန်မောင် (Sally)-Maj Gen Smam Kesornin

ညီ - ကိုသူရစော-မငုဝါဒွေး (မေစွာ-ဆင်ကာပူ)

ကိုသီဟစော

တူမ - မခင်ရှိုရှိုစော

မြေးများ - ဆုမြင့်မိုရီစော PAP Kindergarten (Singapore)

ကောင်းမွန်စော

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဗိုလ်ကြီးထွန်းတင့်ဝေ (ငြိမ်း)
(၂၀-၈-၂၀၁၂)

ချစ်ဖေကြီး ကွယ်လွန်ခြင်း(၂)နှစ်ပြည့်အတွက် ရည်စူးပြီး ပြုသမျှဒါန၊ သီလ၊ ကုသိုလ်အစုစုတို့နှင့် ဆရာတော်ကြီးများအား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုတို့အား ဖခင်ကြီးအတွက် အမျှပေးဝေ ပါသည်။ မြင့်မြတ်သည့်ဘုံဘဝမှကြားသိပြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

ချစ်ဇနီးနှင့် ချစ်သော သား၊ သမီး၊ မြေးတစ်စု

အထူးကျေးဇူးတင်ရှိကြောင်း

ဒေါ်ဒေလီယာမြတ်စံ (တောင်ငူ)
အငြိမ်းစား အထက်တန်းပြဆရာမကြီး (M.E.H.S)
အထက(၁)ဒဂုံ
အသက်(၉၅)နှစ်

၁၁-၈-၂၀၁၄ရက်(တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်ခဲ့ပြီး ၁၃-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သော ဒေါ်ဒေလီယာမြတ်စံ ဖျားနာစဉ်ကာလအတွင်း မွန်မြတ်သော စိတ်စေတနာဖြင့် ပြုစုပေးခဲ့ကြသော ဆွေမျိုးသားချင်းနှင့် မိတ်ဆွေများ၊ အာရှတော်ဝင်ဆေးရုံ၌ တက်ရောက်စဉ် ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးခဲ့သော C.C.U မှ ဆရာဝန်များ၊ သူနာပြုများနှင့်ဆေးရုံဝန်ထမ်းများ၊ စေတနာအပြည့်ဖြင့် ကိုယ်ဖိရင်ဖိပြုစုခဲ့သော ရင်ခေါင်းရောဂါအထူးကုသမားတော်ကြီးပါမောက္ခဦးဝင်းနိုင်၊ နှလုံးအထူးကု သမားတော်ကြီးပါမောက္ခဦးမြင့်စိုးဝင်းနှင့် နှလုံးအထူးကုသမားတော်ကြီး ပါမောက္ခ ဦးအောင်ကျော်ဇောတို့ကိုလည်းကောင်း၊ ဈာပနကိစ္စအရပ်ရပ်ကို အစအလယ်၊ အဆုံးတိုင်အောင် ဝိုင်းဝန်းကူညီခဲ့သော တာဝန်ရှိသူများအားလုံး၊ ယုဒသာန်ဘုရားကျောင်းအသင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သမိုင်းကရင်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာနှင့် အသင်းသားများအားလုံး၊ သုဝဏ္ဏနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာနှင့် အသင်းသားများအားလုံး၊ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်များတွင် ပါဝင်ဦးဆောင်ခဲ့သော သိက္ခာတော်ရဆရာကြီးများနှင့်တရားဟောဆရာများ၊ အသံဖြင့် ချီးမွမ်းထောပနာပြုခဲ့သော choir အသီးသီးများ၊ Kembangan-UHC HOSPITAL Group မှ ကူညီခဲ့သော ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ဒေါ်ဒေလီယာမြတ်စံ၏ နောက်ဆုံးခရီးချောမွေ့အဆင်ပြေအောင် ပါဝင်ကူညီခဲ့သူများအားလုံး၊ ဝမ်းနည်းကြေကွဲကြောင်း ဆက်သွယ်အကြောင်းကြားမေးမြန်းခဲ့ကြသော အဖွဲ့အစည်းများနှင့် လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများ ပေးပို့ခဲ့ကြသော ကုမ္ပဏီများနှင့်တကွ၊ ရပ်ဝေးရပ်နီးမှ ရောက်ရှိလာသော ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
ဦးခင်မောင်ရီ
[ဦးစီးအရာရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်)၊ တွဲဖက်]
(သဃ်္ဃန်းကျွန်းမြို့နယ်)
အသက် (၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ဝေးလမ်း၊ အမှတ် ၆ နေ (ဦးတင်မြိုင်)-ဒေါ်အမာရီတို့၏သား၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ ဦးအုတ်ကြည်-ဒေါ်ညွန့်ရီတို့၏သားသမက်၊ ဒေါ်မြင့်မြင့်သိန်း(စာရင်းစစ်မှူး၊ မြဝတီခရိုင်စာရင်းစစ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုပြည့်ဖြိုးလွင်၊ မထူးသဉ္ဇာလွင်တို့၏ဖခင် ဦးခင်မောင်ရီ အသက် (၅၂)နှစ်သည် ၁၇-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

EMPA-9th Batch မှ ဆရာကြီး ဆရာမကြီးများနှင့် ချစ်သူငယ်ချင်းများ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးမြင့်ဆွေ ၁၁/ဂမန(နိုင်)၀၃၀၅၂၀(မှ)	ဒေါ်အေးမို့မို့ထွန်း ၁၂/ကမတ(နိုင်)၀၅၄၉၀၁	တိုက်အမှတ်(၂)၊ အခန်းအမှတ် (၃၆)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ်(၂၄)၊ မြေကွက်တည်နေရာအမှတ် (၂၃)၊ က/၁လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးကျော်သိန်း) အမည်ပေါက် နှစ်၆၀အငှားဂရန်မြေအား အမည်ပေါက်ဦးကျော်သိန်းနှင့် အမည်ပေါက်၏ဇနီး ဒေါ်အေးကွယ်လွန်သဖြင့် ဦးကြည်ညွန့် ၁၂/အစန(နိုင်)၀၅၃၃၆၉ ထံမှ GP NO. ၉၈၈၅/၁၄ (၄-၄-၂၀၁၄)ရရှိထားသူ ဦးဇော်မင်းဦး ၁၄/ညတန(နိုင်)၀၉၃၄၁၆မှ ဦးကြည်ညွန့်က တစ်ဦးတည်းသောသားတော်စပ်ကြောင်းကို ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၂/က၊ မြေကွက် တည်နေရာအမှတ် ၆၂/က၊ သုတ ၂လမ်း၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သိန်းညွန့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းညွန့်ထံမှ အရောင်းစာချုပ် ၁၉၇၁/၉၇ ဖြင့် ပိုင်ဆိုင်ထားသူ ဦးညီပု ၁၂/ဗဟန(နိုင်) ၀၅၅၂၇၇ မှ ဂရန်(မူရင်း)အား ခြကိုက်ပျက်စီးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၄၁/၂) ရပ်ကွက်၊ အမှတ် ၁၈၃/၁၈၄၊ အလျားပေ(၈၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ဆိုင်သူမှာ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုချက်အရ ကျွန်မ ဒေါ်အေးအေးသန်း ၁၂/တမန(နိုင်)၀၃၆၅၂၈မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း
ဖုန်း-၀၉-၄၉၂၅၉၉၆၁

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

၂၀-၈-၂၀၁၂ မှ ၂၀-၈-၂၀၁၄

ချစ်ဇနီး ပုလဲမြ

အေးချမ်းသာယာတဲ့ဘဝကို လိုချင်ပြီး ကောင်းမှုကုသိုလ်ပြုပြီးသည့် ပီတိအပြုံးကို မြင်ယောင်နေတဲ့ဇနီးကို ရင်နှင့်အမျှလွမ်းခဲ့ရတာ (၂)နှစ်ပြည့်ခဲ့ပြီ။ မင်းအမူအကျင့်နဲ့ ပြောစကားတွေကို မြင်ယောင်ကြားယောင်ဆဲပါ။ ပြုသမျှကုသိုလ်များလည်း အမျှဝေပါတယ်။ သာဓုခေါ်ပါ။

ချစ်ခင်ပွန်း-အုန်းမောင်

လူမှုရေးကြော်ငြာ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၉၄၃၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာ့နွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၈၃၊ ဦးပိုင်အမှတ် ၄၁(ခဲစင်း)၊ ၇၃×၇၄ကြား၊ ၃၅×၃၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မမလိကာ(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ မောင်များဖြစ်သော ဦးကျော်ညွန့်နှင့် ဦးလှမောင်တို့ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်ညွန့်သည် ဒေါ်မော်ဒန်လက်ချမီးနှင့် အိမ်ထောင်ပြု၍ ဦးစိုးဝင်းနိုင်နှင့် ဒေါ်တင်မိုးမိုးလှိုင်တို့ကိုမွေးဖွားပြီး ဦးလှမောင်သည် ဒေါ်ခင်စိန်နှင့်အိမ်ထောင်ပြု၍ ဦးဝင်းမြင့်နှင့် ဦးထွန်းဝင်းတို့ကိုမွေးဖွားခဲ့ပါသည်။ ဦးကျော်ညွန့်၊ ဒေါ်မော်ဒန်လက်ချမီး၊ ဦးလှမောင်၊ ဒေါ်ခင်စိန်၊ ဦးထွန်းဝင်းတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၇၁၅/၂၀၁၃ဖြင့်အမွေဆက်ခံခဲ့သော ကျန်ရစ်သူများဖြစ်သည့် ဦးဝင်းမြင့် (ဦးထွန်းဝင်း) ကွယ်လွန်၏ဇနီး ဒေါ်ယဉ်ယဉ်အေး၊ ဦးစိုးဝင်းနိုင်၊ ဒေါ်တင်မိုးမိုးလှိုင်တို့လေးဦးအနက် ဦးစိုးဝင်းနိုင် ပါ(၂)ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် ၁၉၃/၂၀၁၄ ဖြင့်စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးဝင်းမြင့် ၉/မရတ(နိုင်)၀၇၀၃၀၉၊ ဒေါ်ယဉ်ယဉ်အေး ၉/မရတ(နိုင်)၁၁၃၀၆၇ တို့မှ အမှုတွဲအမှတ် ၀၂၃၈/ဘ(ခွဲ၊ ပြောင်း) ၂၀၁၄-၂၀၁၅ဖြင့် ဘ/ခွဲ/ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးစိုးမင်း (ခ) ဦးစိန်တင် (ခ) ဦးဟယ်ရီစိန်မောင် (စိန်မောင်ရုပ်ရှင်)
အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ဦးစိန်မောင်လမ်းသွယ်၊ ခြံအမှတ်(၁) နေ (ဒေါက်တာဦးစိန်မောင်-ဒေါ်တင်အေး) စိန်မောင်ရုပ်ရှင်ကုမ္ပဏီတို့၏သားကြီး၊ ဒေါ်ခင်လှ(အထက-၃ ပန်းဘဲတန်း-ငြိမ်း)၏ခင်ပွန်း ဦးတင်ထွဋ်(ခ)ဦးပီတာစိန်မောင်(HIGH LAND LODGE HOTEL)-ဒေါ်သန်းသန်းနွယ်(ခေတ္တ-Australia)၊ ဒေါ်မာမာစိန်၊ ဒေါ်မာလာစိန်မောင်(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)၊ ဦးဘိုဘိုစိန်မောင်-ဒေါ်ယဉ်ယဉ်ကြည် (ပါမောက္ခ-ငြိမ်း) စီးပွားရေးတက္ကသိုလ်၊ ဒေါ်ချိုချိုစိန်မောင်တို့၏ အစ်ကိုကြီး၊ တူ/တူမရှစ်ယောက်၊ မြေးလေးယောက်တို့၏ဘကြီး၊ အဘိုးသည် ၁၄-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Maj Gen Smarn Kesornin

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၇၄၈၊ မြေကွက်တည်နေရာအမှတ်-၇၄၈၊ ၃/ မာန်ပြေရပ်ကွက်၊ ၁၄ လမ်း၊ သာကေတမြို့နယ် ၁။ဦးအောင်ရင် ၂။ဒေါ်လှခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှခင် (ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ကျန်အမည်ပေါက် ဦးအောင်ရင် (CL-009644)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၉၄၈/၂၀၁၄)ရသူ ဦးမျိုးထက်အေး ၁၂/သကတ(နိုင်)၁၂၈၀၅၉ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း

Panorama Hotel၏ ဒါရိုက်တာ ဦးချန်ဒရာဒေးပရာကပ်(ရှ်)(ခ)C.D. Prakash(ခ)ဦးမောင်မောင် အသက်(၆၆) နှစ်သည် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
Panorama Hotel
Yangon Syndicate Limited.

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉C၂၊ မြေကွက်အမှတ် ၁၀၅၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ဗားကရာတောရလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် (၁)ဒေါ်မြမြသွယ်၊ (၂)ဦးဇော်ရှိန်ဝင်း၊ (၃)ဦးမင်းအောင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်(၁)ဒေါ်မြမြသွယ်၊ (၂)ဦးဇော်ရှိန်ဝင်း၊ (၃)ဦးမင်းအောင်တို့ထံမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၆၅/၁၃နှင့် တရားမဇာရီမှုအမှတ် ၁၀၂/၁၃တို့ကို အထောက်အထားပြု၍ တရားရုံးများကိုယ်စား ဘိလစ်ဒေါ်စောယုမွန် ၁၂/သကတ(နိုင်)၁၄၅၃၁၇က ဧရိယာ ၀.၁၁၃မ၀၅၆ဧကမှ ဧရိယာ(၅၈.၃'/၄၀.၆'×၃၂'/၃၂')Portionအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်စောမြိုင်
အသက်(၈၆)နှစ်

၁၁-၈-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဒေါ်စောမြိုင်အားနာမကျန်းချိန်မှစ၍ ကွယ်လွန်သည့်အချိန်အထိ မေတ္တာစေတနာဖြင့် ကုသစောင့်ရှောက်ပေးခဲ့သော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးဗိုလ်မှူးချုပ်စိန်လင်းနှင့်တကွ ဆေးကုသမှုပါရဂူ ဗိုလ်မှူး/ဒုတိယဗိုလ်မှူးကြီး ဒေါ်သီင်္ဂီကျော်၊ အရာရှိ/ စစ်သည်များအားလုံး၊ နာရေးကိစ္စအတွက် အစစအရာရာ ဆောင်ရွက်ပေးခဲ့သော အရာရှိ/စစ်သည်များနှင့်တကွ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ လိုက်ပါပို့ဆောင်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း)ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး-
ဒေါ်မြင့်မြင့်ကြည်နှင့်ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ဦးခင်မောင်မြင့်(လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၊ အရိုးအထူးကုဆေးရုံ)-ဒေါ်မေထားအောင်တို့၏ မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ညွန့်ညွန့်(ပေါက်တပင်) အသက်(၇၉) နှစ်သည် ၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဌေးအောင်-ဒေါ်ဌေးဌေးညွန့်
(SAKURA)**မိသားစု**

ဒေါက်တာနီလာကျော်

ကထိက ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်
အထက(၃)၊ ဗိုလ်တထောင်ကျောင်းသူဟောင်း
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြသဇင်လမ်း၊ အမှတ် ၅ နေ (ဦးဖိုးခက်-ဒေါ်စောမြင့်)၊ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏မြေး၊ (ဦးကျော်ထွန်း)-ဒေါ်ခင်ဆွေ (လယ်/ပြ၊ အထက-၄၊ ပုဇွန်တောင်-ငြိမ်း)တို့၏သမီး၊ ဒေါ်သန်းရွှေ၏တူမ၊ ဒေါ်သီတာကျော် (ZEZAWA HEALTH CARE) ၏ ညီမ၊ ဦးဇေယျာကျော်(အုပ်ချုပ်ရေးမှူး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်)၏ အစ်မသည် ၁၈-၈-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဦးချန်ဒရာဒေးပရာကပ်(ရှ်) C.D. Prakash (ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ-ရွှေစူပါလိုက်ကုမ္ပဏီလီမိတက်

အသက် (၆၆)နှစ်

၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဦးချန်ဒရာဒေးပရာကပ်(ရှ်) C.D. Prakash (ခ)ဦးမောင်မောင် နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများ၊ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ပေးကြသောမိတ်ဆွေများ၊ လွမ်းသူ့ပန်းခွေများပေးပို့ခဲ့သည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ဝမ်းနည်းကြောင်းကြော်ငြာထည့်ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ နာရေးမတိုင်မီနှင့် နာရေးအပြီးတွင် လူကိုယ်တိုင်၊ တယ်လီဖုန်း၊ ကြေးနန်း၊ Email တို့မှတစ်ဆင့် ဝမ်းနည်းကြောင်းပြောကြား၍ နှစ်သိမ့်အားပေးခဲ့သော ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

နာရေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင် (တောင်ငူ)

အသက်(၉၅)နှစ်

ဒေါက်တာခင်မောင်ထွန်း(လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး)နှင့်ဇနီး ဒေါ်ဥမ္မာသန်း(ထက်လင်းတိုင်းရင်းဆေးတိုက်ပိုင်ရှင်)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ခင်(တောင်ငူ) အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ
မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား
ပြင်ဦးလွင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချန်ဒရာဒေးပရာကပ်(ရှ်)(ခ) C.D.Prakash (ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်ဟေမာ၊ ဦးထွန်းထွန်းဝင်း-ဒေါ်ကီရန်၊ ကိုဇော်ဝင်း၊ ကိုညဏ်ဝင်း-ဒေါ်ရာဒါတို့၏ဖခင်သည် ၁၇-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ကျော်မျိုး(လ/ထ လူဝင်မှုကြီးကြပ်ရေးမှူး)-
ဒေါ်မေလှဲ့ဝါထွန်း(မန်နေဂျာ-ဘုရင့်နောင်ရုံးခွဲ)
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

C.D.Prakash(ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ) (ရန်ကုန်)

အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုမောင်မောင်ဦး၊ ဒေါက်တာထွန်းထွန်းဝင်း၊ ကိုဇော်ဝင်းနှင့် ကိုညဏ်ဝင်းတို့၏ဖခင် C.D.Prakash (ခ) ဦးမောင်မောင်သည် ၁၇-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သတင်းထောက် ဦးကျော်လှ၊ (သား)ကိုဝင်းကျော်
တောင်ငူ Super Coffeemix ကိုယ်စားလှယ် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

C.D.Prakash(ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ) (ရန်ကုန်)

အသက်(၆၆)နှစ်

